# ကြေးမုံ
The Mirror

၁၃၇၁ ခုနှစ်၊ တပို့တွဲလကွယ်နေ့၊ သောကြာနေ့၊ (12-2-2010) (၆၃၁၂)


| နိုင်ငံရေး ဦးတည်ချက် (၄)ရပ် | စီးပွားရေး ဦးတည်ချက် (၄)ရပ် | လူမှုရေး ဦးတည်ချက် (၄)ရပ် |
|---|---|---|
| * နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး<br>* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး<br>* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး<br>* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး | * စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး<br>* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး<br>* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး<br>* နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး | * တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး<br>* အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး<br>* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး<br>* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး |



## တိုင်းရင်းသားလူမျိုးအားလုံး ကောင်းကျိုး၊ ဆိုးကျိုးများကို မျှဝေ စံစား၊ ခံစား

ပြည်ထောင်စုမြန်မာနိုင်ငံတော်အတွင်း နယ်စပ်ဒေသအနှံ့တွင် တိုင်းရင်းသားပေါင်းစုံ ပျံ့နှံ့နေထိုင်လျက်ရှိသကဲ့သို့ နယ်စပ်ဒေသ အစိတ်အပိုင်းတစ်ခုချင်းတွင်လည်း တိုင်းရင်းသားလူမျိုးများ ပေါင်းစည်းရောယှက်နေထိုင်လျက်ရှိကြရာ တိုင်းရင်းသားလူမျိုးအားလုံး၏ စီးပွားရေးဘဝ၊ လူမှုရေးဘဝများသည် တစ်သားတည်းဖြစ်ကာ သမိုင်းကြောင်းတစ်လျှောက်တွင် ပေါ်ပေါက်ခဲ့သော ကောင်းကျိုး၊ ဆိုးကျိုးများကို မျှဝေ စံစား၊ ခံစားခဲ့ကြရသည်သာ ဖြစ်သည်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ
တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ
(၅၉) နှစ်မြောက် ပြည်ထောင်စုနေ့ သဝဏ်လွှာမှ-

## နိုင်ငံတော်၏ မည်သည့်ဒေသတွင် နေထိုင်သည်ဖြစ်စေ ခိုင်မြဲသည့် ပြည်ထောင်စုစိတ်ဓာတ် မွေးမြူသွားကြရန် အရေးကြီး ပြည်ထောင်စုစိတ်ဓာတ်သည်သာလျှင် တိုင်းရင်းသားအားလုံး ထာဝစဉ်ထိန်းသိမ်းစောင့်ရှောက်ရမည့် စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ် ပြည်ထောင်စုကြီးပြိုကွဲရန် ဖန်တီးလာမည့်အရေးကို သတိထားရှောင်ကြဉ်ရမည်မှာ တိုင်းရင်းသားအားလုံး၏ တာဝန်ဖြစ်

ပြည်ထောင်စုမြန်မာနိုင်ငံတော် - နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ ၂၀၁၀ ပြည့်နှစ် (၆၃)နှစ်မြောက် ပြည်ထောင်စုနေ့အခမ်းအနားသို့ ပေးပို့သော သဝဏ်လွှာအပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

ချစ်ကြည်လေးစားအပ်ပါသော ပြည်ထောင်စုဖွား သွေးချင်းများခင်ဗျား-

မင်္ဂလာအပေါင်းနှင့်ပြည့်စုံသော (၆၃)နှစ်မြောက် ပြည်ထောင်စုနေ့တွင် ပြည်ထောင်စုမြန်မာနိုင်ငံတော်အတွင်း ချစ်ကြည်ရင်းနှီးစွာ မှီတင်းနေထိုင်လျက်ရှိကြကုန်သော တိုင်းရင်းသား သွေးချင်းသားချင်းအားလုံး ကောင်းကျိုးချမ်းသာအဖြာဖြာနှင့် ပြည့်စုံကြပါစေကြောင်း ဆုမွန်တောင်းလျက် နှုတ်ခွန်းဆက်သအပ်ပါသည်။

ကမ္ဘာပေါ်တွင် ရှာဖွေတွေ့ရှိသမျှ ပရိုင်းမိတ်တို့အနက် ရှေးအကျဆုံးဖြစ်သော လွန်ခဲ့သည့် နှစ်သန်း ၄၀ ခန့်က လူတုပရိုင်းမိတ်ကို

စာမျက်နှာ ၃ ကော်လံ ၁ သို့ ✳

### ရင်းရင်းနှီးနှီးနှုတ်ဆက်

နိုင်ငံတော် အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် အဖွဲ့ဝင်များ (၆၂)နှစ်မြောက် ပြည်ထောင်စုနေ့ ဧည့်ခံပွဲနှင့် ညစာစားပွဲသို့ တက်ရောက်လာကြသည့် ပြည်နယ်နှင့်တိုင်း အသီးသီးတို့မှ ပြည်ထောင်စုနေ့ ကိုယ်စားလှယ်များ၊ တိုင်းရင်းသား ရိုးရာယဉ်ကျေးမှုအဖွဲ့ဝင်များအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။



## ၂၀၁၀ ခုနှစ် (၆၃)နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုပါ၏။

(12-2)01.pmd 1 2/12/2010, 2:07 AM

ကြေးမုံ The Mirror

၁၂-၂-၂၀၁၀
(သောကြာနေ့)

# ပြည်ထောင်စု သွေးချင်းသားချင်းများ ပြည်ထောင်စုစိတ်ဓာတ် ထာဝရခိုင်ကျည်

၂၀၁၀ ခုနှစ် ဖေဖော်ဝါရီ ၁၂ ရက် (ယနေ့)သည် ပြည်ထောင်စု မြန်မာနိုင်ငံတော်၏ (၆၃)နှစ်မြောက် ပြည်ထောင်စုနေ့ဖြစ်သည်။ မြန်မာနိုင်ငံတွင် ပြည်ထောင်စုဖွား တိုင်းရင်းသားများ ပေါင်းစည်းယှက်နွယ် နေထိုင်လျက်ရှိသည်။ နှစ်ပရိစ္ဆေဒကြာမြင့်စွာကပင် ဘေးဘိုးအစဉ်အဆက် ဉမကွဲသိုက်မပျက် နေထိုင်လာခဲ့ခြင်း ဖြစ်သည်။

တိုင်းရင်းသားမျိုးနွယ်စုများနေထိုင်ရာ ဒေသအလိုက် ဓလေ့ထုံးတမ်း၊ ဘာသာစကား၊ လူမှုရေးစနစ်နှင့် ရိုးရာယဉ်ကျေးမှုများ ထွန်းကားနေသည်။ ပြည်ထောင်စုသွေး ပြည်ထောင်စုစိတ်ဓာတ်ကို အခြေပြုထားသဖြင့် အညာတစ်ခုတည်းမှ ပေါက်ဖွားသီးပွင့်နေကြသည့် သွေးရင်းသားချင်း ပြည်ထောင်စုသားများပင်။ စည်းလုံးခြင်း၊ ညီညွတ်ခြင်းများ ထာဝရခိုင်ကျည်လျက်ရှိရာ နိုင်ငံ၏ယဉ်ကျေးမှုအဆင့်အတန်း မြင့်မားမှုနှင့် ညီညွတ်မျှတသည့် လူ့ဘောင်အဖွဲ့အစည်း တည်ထောင်ထားနိုင်သော အမျိုးသားရေးစွမ်းရည်ကို ဖော်ညွှန်းပြသနေပေသည်။

သမိုင်းအစဉ်အလာ အတွေ့အကြုံများအရ တိုင်းရင်းသား စည်းလုံးညီညွတ်ရေးသည် ညီအစ်ကိုမောင်နှမများအကြား အသက်တမျှအရေးကြီးသည်။ တိုင်းရင်းသားအားလုံး၏ စိတ်ဓာတ်နှင့် ခွန်အားသည် နိုင်ငံ၏အားဖြစ်သည်။ စည်းလုံးညီညွတ်ခြင်းသည် ပြည်ထောင်စုကြီး၏ အင်အားဖြစ်သည်။ ဤစိတ်ဓာတ် ဤခွန်အားများဖြင့် ကိုလိုနီနယ်ချဲ့နှင့် ဖက်ဆစ်တို့ကို တွန်းလှန်နိုင်ခဲ့ကြသည်။ အနှောင့်အယှက် အခက်အခဲ အတားအဆီး အသွယ်သွယ်ကို ရင်ဆိုင်ကျော်လွှားရင်း ကမ္ဘာ့အလယ်တွင် အချုပ်အခြာ အာဏာပိုင် လွတ်လပ်သော နိုင်ငံအဖြစ် ထည်ထည်ဝါဝါ ရပ်တည်နိုင်လျက်ရှိသည်။

ယနေ့ကမ္ဘာတွင် နိုင်ငံအများက ငြိမ်းချမ်းစွာ အတူယှဉ်တွဲ နေထိုင်ရေးကို ဦးတည်နေကြသည်။ သို့သော် အင်အားကြီးနိုင်ငံအချို့ကမူ ဖွံ့ဖြိုးတိုးတက်စ နိုင်ငံငယ်များအပေါ် ဩဇာလွှမ်းမိုးနိုင်ရေး၊ ဗိုလ်ကျစိုးမိုးနိုင်ရေး ဖန်တီးလုပ်ဆောင်နေကြဆဲ။ ကျူးကျော်ရန်စမှုများ၊ ဝင်ရောက်စွက်ဖက် နှောင့်ယှက်မှုများ၊ အင်အားသုံးအနိုင်ကျင့်မှုများလည်း ရှိနေဆဲပင်။

မြန်မာနိုင်ငံသည် သဘာဝ အရင်းအမြစ် သယံဇာတများ ပေါများကြွယ်ဝသည်။ ပထဝီနိုင်ငံရေးအရ အချက်အချာကျပြီး အရေးပါသည်။ ယင်းသို့သော အခြေအနေအကြောင်းတရားများကြောင့် အတိတ်သမိုင်းတစ်လျှောက် မြန်မာနိုင်ငံကို လွှမ်းမိုးကြိုးကိုင် အုပ်ချုပ်နိုင်ရေးလုပ်ဆောင်မှုများနှင့် တွေ့ကြုံခဲ့ရခြင်းဖြစ်သည်။ ယနေ့ကာလတွင်လည်း ပြည်တွင်း၊ ပြည်ပဆန့်ကျင်ဘက် အင်အားစုများက တိုင်းရင်းသား စည်းလုံးညီညွတ်မှု ပြိုကွဲပျက်စီးစေရန် လုပ်ကြံဖန်တီးနေကြဆဲဖြစ်ရာ ယင်းတို့၏ အန္တရာယ်ကို မပြတ်သတိပြု ကာကွယ်တားဆီးသွားကြရပေမည်။

တိုင်းရင်းသားအားလုံး၏ စည်းလုံးညီညွတ်မှုသည် ပြည်ထောင်စုကြီး၏ ခိုင်မာသော အင်အားဖြစ်သည်။ ပြည်ထောင်စုသွေးချင်းတို့အကြား ပြည်ထောင်စုစိတ်ဓာတ်သည် မြဲမြံခိုင်ကျည်လျက်ရှိသည်။ တိုင်းရင်းသား ညီအစ်ကို မောင်နှမများအားလုံးက စည်းလုံးညီညွတ်မှု အစဉ်အလာကောင်း၊ ပေါင်းစည်းအောင်မြင်မှု ရလဒ်ကောင်းများဖြင့် လက်တွဲညီညီ ကြိုးပမ်းစွမ်းဆောင်သွားကြခြင်းဖြင့် အနာဂတ် ဒီမိုကရေစီနိုင်ငံတော်သစ်သည် ငြိမ်းချမ်းသာယာဖွံ့ဖြိုးဝေစည် နေမည်ဖြစ်ပါသည်။ ။

## ပြည်သူ့သဘောထား

- ✪ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✪ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✪ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအားဆန့်ကျင်ကြ။
- ✪ ပြည်တွင်း ပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။





ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးကိုကို မာန်အောင်ကျွန်းပတ်လမ်း ဖွင့်ပွဲအခမ်းအနားတွင် အမှာစကား ပြောကြားစဉ်။ (သတင်းစဉ်)

# ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးကိုကို (၆၃)နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် မာန်အောင်ကျွန်းပတ်လမ်း ဖွင့်ပွဲအခမ်းအနားတက်ရောက်

နေပြည်တော် ဖေဖော်ဝါရီ ၁၁

**ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးကိုကိုသည် ရခိုင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သောင်းအေးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများလိုက်ပါလျက် ဖေဖော်ဝါရီ ၆ ရက် နံနက်ပိုင်းတွင် (၆၃)နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် ကျင်းပသည့် မာန်အောင်မြို့နယ် မာန်အောင်ကျွန်းပတ်လမ်း ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်အားပေးချီးမြှင့်သည်။**

ဖွင့်ပွဲအခမ်းအနားသို့ ပြည်နယ်၊ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ မြို့မိမြို့ဖများ၊ ဒေသခံပြည်သူများနှင့် လူမှုရေးအသင်းအဖွဲ့ဝင်များ တက်ရောက်ကြပြီး တိုင်းမှူးနှင့် တာဝန်ရှိသူတို့က ကျွန်းပတ်လမ်းကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးကိုကိုက ကမ္ပည်းမော်ကွန်းကျောက်စာတိုင်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးပြီး အမွှေးနံ့သာရည်ဖြင့် ပက်ဖျန်းပေးသည်။

ထို့နောက် လမ်းဖွင့်ပွဲသို့ တက်ရောက်လာကြသည့် ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်၍ ကျွန်းပတ်လမ်းကို ဖြတ်သန်းကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးကိုကိုနှင့် အဖွဲ့ဝင်များသည် မာန်အောင်မြို့နယ်အတွင်းရှိ ကမားတံတားနှင့် မိန်းမကြွယ်တံတားတို့၏ ကြံ့ခိုင်မှုအခြေအနေများကို ကြည့်ရှုစစ်ဆေးကြပြီး ကျွန်းပတ်လမ်းကို မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

ထိုမှတစ်ဆင့် မာန်အောင်မြို့နယ် ကအီးကျေးရွာရှိ မာန်အောင်ကျွန်းပတ်လမ်းဖွင့်ပွဲအခမ်းအနား မင်္ဂလာမဏ္ဍပ်သို့ ရောက်ရှိကြရာ မြို့မိမြို့ဖများ၊ ဒေသခံပြည်သူများနှင့် လူမှုရေးအသင်းအဖွဲ့ဝင်များက ကြိုဆိုနှုတ်ဆက်ကြသည်။

ရှေးဦးစွာ ဒုတိယဗိုလ်ချုပ်ကြီးကိုကိုက ဒေသဖွံ့ဖြိုးမှုဆိုင်ရာများနှင့် စပ်လျဉ်း၍ အကျယ်တဝင့် ရှင်းလင်းမှာကြားသည်။

ထို့နောက် တိုင်းမှူးက အမှာစကား ပြောကြားပြီး တာဝန်ရှိသူတစ်ဦးက ကျွန်းပတ်လမ်း ဖောက်လုပ်မှုနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြကာ မြို့မိမြို့ဖတစ်ဦးက ကျေးဇူးတင်စကား ပြောကြားသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးကိုကို၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် ရွှေပုံသာ ငွေပုံသာစခန်း၌ ကျင်းပသည့် မာန်အောင်ကျွန်းပတ်လမ်း ဖွင့်ပွဲ အထိမ်းအမှတ် မာရသွန်ပြိုင်ပွဲ၌ ဆုရရှိကြသူများအား ဆုများပေးအပ်ချီးမြှင့်ကြပြီး အခမ်းအနားသို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ကြသည်။

ထို့နောက် ကအီးကျေးရွာအနီးရှိ ကအီးတံတားကိုလည်းကောင်း၊ ဆားချက်ကျေးရွာအနီး (၁၆)ခုတင်ဆံ့ ဆားချက်တိုက်နယ်ဆေးရုံ တည်ဆောက်နေမှုများကိုလည်းကောင်း၊ မကျီးကုန်းကျေးရွာရှိ သောက်သုံးရေကန် တူးဖော်ထားရှိမှု အခြေအနေကိုလည်းကောင်း ကြည့်ရှုစစ်ဆေးကြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ကိုကိုနှင့် အဖွဲ့ဝင်များသည် မာန်အောင်မြို့နယ် ပြည်သူ့ဆေးရုံအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးကြကာ ဆေးဝါးကုသမှုခံယူနေကြသည့် လူနာများအား တွေ့ဆုံအားပေးစကား ပြောကြားပြီး အလှူငွေနှင့် ပစ္စည်းများ ပေးအပ်ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

## မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

**၁၂-၂-၂၀၁၀ (သောကြာနေ့)**
**(၁၃၇၁ခုနှစ်၊ တပို့တွဲလကွယ်နေ့၊ ဥပုသ်နေ့)**

**နံနက်ပိုင်း**

- ၆း၄၅ ၁။ (၆၃)နှစ်မြောက် ပြည်ထောင်စုနေ့ အခမ်းအနားကျင်းပပုံ တိုက်ရိုက်ထုတ်လွှင့်မှုအစီအစဉ်
- ၇း၄၅ ၂။ (၆၃)နှစ်မြောက်ပြည်ထောင်စုနေ့ ဂုဏ်ပြုအစီအစဉ်
- ၈း၁၅ ၃။ ပြည်ထောင်စုနေ့ ဂုဏ်ပြုဆိုင်း အဖွဲ့ဖျော်ဖြေတင်ဆက်မှုအစီအစဉ်
- ၈း၃၀ ၄။ (၆၃)နှစ်မြောက် ပြည်ထောင်စုနေ့ ဂုဏ်ပြုအစီအစဉ်
- ၈း၄၀ ၅။ International News
- ၈း၄၅ ၆။ အဆိုပြိုင်ပွဲ
- ၉း၀၀ ၇။ အစီအစဉ်ပြီး၏။

**ညပိုင်း**

- ၄း၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
- ၄း၁၀ ၂။ ပြည်ထောင်စုနေ့ ဂုဏ်ပြုအစီအစဉ်
- ၄း၂၅ ၃။ (၆၃)နှစ်မြောက် ပြည်ထောင်စုနေ့ ဂုဏ်ပြုအစီအစဉ်
- ၄း၃၅ ၄။ ၂၀၁၀ ခုနှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲဘာသာရပ်ဆိုင်ရာ သင်ခန်းစာ (ဘောဂဗေဒဘာသာရပ်)
- ၅း၁၀ ၅။ မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ
- ၅း၂၀ ၆။ ပဋ္ဌလက်ကျောင်းတော်
- ၅း၄၅ ၇။ (၆၃)နှစ်မြောက် ပြည်ထောင်စုနေ့ ဂုဏ်ပြုအစီအစဉ်
- ၆း၀၀ ၈။ ညနေခင်းသတင်း
- ၆း၁၅ ၉။ မိုးလေဝသအခြေအနေ
- ၆း၂၀ ၁၀။ ရသစုံလင်အင်တာနက်ဥယျာဉ်
- ၇း၀၀ ၁၁။ **နိုင်ငံခြားဇာတ်လမ်းတွဲ "နှောင်ဖွဲ့မေတ္တာ" (အပိုင်း-၁၀)**
- ၇း၄၅ ၁၂။ "ပြည်ထောင်စုစိတ်ဓာတ်မပြတ် ရင့်သန်ခိုင်မာရန်မှာဒို့ဝန်တာ" (အသီးတစ်ရာအညာတစ်ခု ဒို့ပြည်ထောင်စု)
- ၈း၀၀ ၁၃။ ပြည်တွင်းသတင်း
- ၁၄။ အမျိုးသားအထိမ်းအမှတ် ဥယျာဉ် (နေပြည်တော်)
- ၁၅။ အမျိုးသားအထိမ်းအမှတ် ဥယျာဉ် (ကယားပြည်နယ်)
- ၁၆။ နိုင်ငံတကာသတင်းများ
- ၁၇။ မိုးလေဝသအခြေအနေ
- ၁၈။ **နိုင်ငံခြားဇာတ်လမ်းတွဲ "ကိုယ်ရံတော်" (အပိုင်း-၁၇)**
- ၁၉။ သီချင်းချစ်သူ (စည်သူလွင်)
- ၂၀။ မင်းကွန်းဆရာတော်ကြီး၏ အရပ်ဆယ်မျက်နှာ မေတ္တာဘာဝနာပွားများခြင်း တရားတော်
- ၂၁။ အစီအစဉ်ပြီး၏။

## မအူပင် နည်းပညာကျောင်းဆင်းများ မြတ်ဆရာပူဇော်ပွဲ ကျင်းပမည်

**ရန်ကုန် ဖေဖော်ဝါရီ ၁၁**

ဧရာဝတီတိုင်း မအူပင်နည်းပညာကျောင်းတော်ကြီး (စက်မှုလက်မှုသိပ္ပံ၊ ကောလိပ်၊ တက္ကသိုလ်)တွင် ၁၉၉၁ မှ ၂၀၀၆ ထိ ပညာသင်နှစ်ကာလများအတွင်းမှ ဆရာကြီး၊ ဆရာမကြီးများအား မြတ်ဆရာပူဇော်ပွဲကို ဖေဖော်ဝါရီ ၁၂ ရက် (ပြည်ထောင်စုနေ့) နံနက် ၁၀ နာရီတွင် ရွှေဘုန်းမြင့်ဘုရားရှေ့ သာသနာ့ဗိမာန်၌ ကျင်းပမည်ဖြစ်ရာ ဆရာကြီး၊ ဆရာမကြီးများနှင့် ကျောင်းသား၊ ကျောင်းသူအပေါင်းများ ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ တက်ရောက်ကြပါရန်နှင့် အလှူငွေနှင့် ပစ္စည်းများ လှူဒါန်းလိုပါက ကိုကိုဇော် (91 EP) ဖုန်း ၀၉-၅၀၃၃၆၄၅၊ ကိုအုန်းဖေ (91 Civil) ဖုန်း-၀၉-၈၆၄၁၁၅၄၊ ကိုအောင်ကျော်စွာဝင်း (93 EP) ဖုန်း-၀၉-၅၁၈၂၃၀၁၊ ကိုချိုလင်း (94 EP)ဖုန်း-၀၉-၅၅၀၅၆၈၆၊ ကိုသမိန်တော (94 MP)ဖုန်း-၀၉-၅၁၁၀၅၀၃၊ ကိုရဲလွင်ဦး (94 MT) ဖုန်း-၀၉-၅၀၃၉၇၊ ၀၄၅-၃၀၅၅၁၊ ကိုအောင်ကျော်ဦး (ဆရာဘဲဥ 94 MP) ဖုန်း-၀၄၅-၃၀၁၀၅၊ မစုစုလွင် (2000 EC)ဖုန်း-၅၀၁၇၃၃၊ Ext-၂၄၈၊ မဝတ်ရည်တင် (2001 EC)ဖုန်း-၀၉-၈၆၁၀၂၄၆၊ မောင်အောင်မြင့်မြတ် (2001 Civil) ဖုန်း-၀၉-၅၀၃၀၂၀၈၊ နေလင်း (2001 MP) ဖုန်း-၀၄၅-၃၀၂၉၅၊ ပေါင်ချိန် (2001 MT) ဖုန်း-၇၀၁၁၃၉၊ မစိုးသီတာ (2001 EV) ဖုန်း-၂၁၁၉၄၉၊ ဖြိုးမင်းအောင် (2002 MC)ဖုန်း-၀၉-၅၀၂၉၁၀၇၊ ၅၀၂၉၁၀၇ တို့ထံ ဆက်သွယ်လှူဒါန်းနိုင်ပါကြောင်းနှင့် ရန်ကုန်မှ နံနက် ၇ နာရီတွင် ဒဂုံဧရာအဝေးပြေးကွင်း ပန်းတနော်လမ်း အခန်း ၂၆ မြင့်မြတ်ကျော် ကားဂိတ်မှ မအူပင်မြို့သို့ စတင် ထွက်ခွာမည်ဖြစ်ကြောင်း သိရသည်။ (ကြေးမုံ)

## လူ့စွမ်းအားမြှင့်တင်ခြင်း ဟောပြောပွဲများကျင်းပမည်

**ရန်ကုန် ဖေဖော်ဝါရီ ၁၁**

ခင်မောင်ညို(ဘောဂဗေဒ)နှင့် ပါမောက္ခများက လူ့စွမ်းအားမြှင့်တင်ခြင်း၊ မိမိနှင့်မိမိဝန်ထမ်းများ၏ အရည်အသွေး ဖွံ့ဖြိုးတိုးတက်စေခြင်း ခေါင်းစဉ်ဖြင့် ဟောပြောပွဲများကို ဖေဖော်ဝါရီ ၁၃ရက်နှင့် ၁၄ ရက်တို့တွင် ရန်ကုန်မြို့ ကမ္ဘာအေးစေတီလမ်းနှင့် ရွှေဂုံတိုင်လမ်းထောင့်ရှိ ယုဇနတာဝါ (၁၀)ထပ် အခန်းအမှတ်(၁၀၀၉)၌ ကျင်းပမည်ဖြစ်၍ တက်ရောက်လိုသူများသည် ဖုန်း-၅၅၆၁၈၃ နှင့် ၀၉-၅၁၅၇၀၃၂ တို့သို့ ဆက်သွယ်စာရင်းပေးသွင်းနိုင်ကြောင်း သိရှိရသည်။ (သတင်းစဉ်)

# ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီးသည် မြေပေါ်မြေအောက်၊ ရေပေါ်ရေအောက်သယံဇာတတို့ အထူးကြွယ်ဝ နိုင်ငံတော်ကြီး၏ နေရာဒေသတိုင်းတွင် တိုင်းရင်းသားပေါင်းစုံတို့ ရှေးပဝေသဏီကပင် ရောနှောနေထိုင်လာခဲ့ကြ

✳ ရွှေ့ဖုံးမှ

ကမ္ဘာ့ပညာရှင်များက ပြည်ထောင်စုမြန်မာနိုင်ငံတော်တွင် ရှာဖွေတွေ့ရှိ အသိအမှတ်ပြုခဲ့ကြပြီးဖြစ်သည့် အတွက် ဤမြေဤရေတွင် ပေါက်ဖွားခဲ့ကြသည့် နိုင်ငံသားအားလုံးသည် အသီးတစ်ရာ အညှာတစ်ခု ဖြစ်ကြောင်း ခိုင်မာခဲ့ပြီဖြစ်ပါသည်။ ထို့ကြောင့် ရှည်လျားလှသော ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ သမိုင်းကြောင်းသည် တိုင်းရင်းသားလူမျိုးများအားလုံး၏ သမိုင်းပင်ဖြစ်ပါသည်။

ထို့အပြင် ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီး အဓွန့်ရှည်စွာ တည်တံ့ခိုင်မြဲရေးနှင့် ရရှိထားပြီးဖြစ်သော လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာ ပြန်လည်ဆုံးရှုံးမှု မရှိစေရေးတို့အတွက် ပြည်ထောင်စုသားတို့သည် နိုင်ငံတော်၏ မည်သည့်နေရာ မည်သည့်ဒေသတွင် နေထိုင်သည်ဖြစ်စေ ခိုင်မြဲသည့် ပြည်ထောင်စုစိတ်ဓာတ် မွေးမြူသွားကြရန် အလွန်အရေးကြီးပေသည်။ ပြည်ထောင်စုစိတ်ဓာတ်သည်သာလျှင် တိုင်းရင်းသားအားလုံး ထာဝစဉ် ထိန်းသိမ်းစောင့်ရှောက်သွားကြရမည့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်ပေသည်။

ယခုအခါ ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီးကို အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီးအဖြစ် တည်ဆောက်လျက်ရှိရာ နိုင်ငံတော်ကို စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြင့် ဝိုင်းဝန်း တည်ဆောက်သည့်နည်းတူ နယ်ချဲ့သမားတို့က တပည့်မွေးကာ လက်ကိုင်တုတ်များဖြင့် ပြည်ထောင်စုကြီး ပြိုကွဲစေရန် ဖန်တီးလာမည့်အရေးကို သတိထားရှောင်ကြဉ်ကြရမည်မှာ တိုင်းရင်းသားအားလုံး၏ တာဝန်ပင် ဖြစ်ပေသည်။

နိုင်ငံတော်သစ်ကို တည်ဆောက်ရန်အတွက် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံ ဥပဒေကို တိုင်းရင်းသားတို့က တစ်ခဲနက် ထောက်ခံအတည်ပြုခဲ့ကြပြီးနောက် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် (၇)ရပ်အရ ယခုနှစ်တွင် လွတ်လပ်၍ တရားမျှတသော ရွေးကောက်ပွဲများကို ကျင်းပမည် ဖြစ်ပေသည်။ တိုင်းရင်းသားပြည်သူ အပေါင်းတို့သည် ရွေးကောက်တင်မြှောက်ခွင့်နှင့် ရွေးကောက်တင်မြှောက် ခံပိုင်ခွင့်တို့ကို ရရှိကြတော့မည်ဖြစ်ရာ နိုင်ငံသားတို့၏ ကောင်းမွန်သောအနာဂတ်ကို ဖော်ဆောင်နိုင်မည့် လွှတ်တော်ကိုယ်စားလှယ်လောင်း အသီးသီးတို့အား ရွေးကောက်နိုင်ရန် အများဆန္ဒဖြင့် ဆုံးဖြတ်ကြရမည် ဖြစ်ပေသည်။

ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီးသည် မြင့်မားသော တောင်တန်းကြီးများ၊ မြေပြန့်လွင်ပြင်များ၊ သမ မျှတသော ရာသီဥတု၊ ကောင်းမွန်သော မြေဆီမြေနှစ်၊ ကျယ်ပြန့်သော ပင်လယ်ပိုင်နက်၊ ရှည်လျားသော ကိုယ်ပိုင်မြစ်ကြီးအသွယ်သွယ်တို့ဖြင့် မြတ်နိုးဖွယ်အတိဖြစ်သည့်အပြင် မြေပေါ်မြေအောက်၊ ရေပေါ် ရေအောက်သယံဇာတတို့ အထူးကြွယ်ဝသည့် နိုင်ငံတော်ကြီးဖြစ်ပါသည်။ ဤနိုင်ငံတော်ကြီး၏ နေရာဒေသ တိုင်းတွင် တိုင်းရင်းသားပေါင်းစုံတို့သည် ရှေးပဝေသဏီကပင် ပျံ့ပျံ့နှံ့နှံ့ ရောနှောနေထိုင်လာခဲ့ကြပါသည်။

အလွန်သာယာဝပြောသော အမိမြန်မာနိုင်ငံတော်ကြီးကို နယ်ချဲ့တို့က စစ်ပွဲသုံးကြိမ်ဖြင့် ကျူးကျော် တိုက်ခိုက်သိမ်းပိုက်ထားခဲ့ကြရာ တိုင်းရင်းသားအားလုံးက ဆတ်ဆတ်ခါနာကြည်းခဲ့ကြရပါသည်။ သူ့ကျွန်အဖြစ် ဘုရားထူးရသည်အထိ ချိုးနှိမ်ခြင်းခံခဲ့ရသောဘဝကို ခါးသီးစွာအတူတကွ တွေ့ကြုံခံစားခဲ့ကြရပြီးနောက် နယ်ချဲ့ဆန့်ကျင်ရေးစိတ်ဓာတ်၊ ဖက်ဆစ်ဆန့်ကျင်ရေးစိတ်ဓာတ်တို့ဖြင့် ဇာတိမာန်ထက်သန်လှစွာ တွန်းလှန်ခဲ့ သော တိုင်းရင်းသားတို့၏ အားမာန်ကြောင့် နယ်ချဲ့တို့သည် မြန်မာ့မြေမှ ဆုတ်ခွာသွားခဲ့ကြရပေသည်။

လွတ်လပ်ရေးရပြီးနောက် ပြည်ထောင်စုမြန်မာနိုင်ငံတော်သည် တိုင်းရင်းသားတို့ သွေးကွဲလျှင် ကွဲသည် နှင့်အမျှ ဖွံ့ဖြိုးတိုးတက်မှု နောက်ကျခဲ့ရပြီး တိုင်းရင်းသားတို့ သွေးစည်းလာသည်နှင့်အမျှ အရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးတိုးတက်ခဲ့ပြီမှာ အထင်အရှားပင်ဖြစ်ပေသည်။

ထို့ကြောင့် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေးနှင့် အချုပ်အခြာ အာဏာ တည်တံ့ခိုင်မြဲရေးတည်းဟူသော ဒို့တာဝန်အရေးသုံးပါးကို ပြည်ထောင်စုသားအားလုံးက အသက်နှင့် ထပ်တူ ကာကွယ်စောင့်ရှောက်ကြရပေမည်။ ။

## စာပေဗိမာန်စာမူဆုရ စာအုပ်ဖြန့်ချိ

**နေပြည်တော် ဖေဖော်ဝါရီ ၁၁**

ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်း စာပေ ဗိမာန်က ၂၀၀၇ ခုနှစ် စာပေဗိမာန် စာမူဆု စာပဒေသာပထမဆုရ စာအုပ် ဖြစ်သည့် အမျိုးသားစာပေဆုရ အောင်စိုး (တိရစ္ဆာန်ဆေးကုဆရာဝန်) ရေးသား သော "ဟေဝန်ဟေမာသတ္တဝါတို့၏ နိမိတ်ပုံလွှာ" စာအုပ်ကို ဖြန့်ချိရောင်းချ နေပြီ ဖြစ်သည်။

အဆိုပါစာအုပ်တွင် မြန်မာ့ရေ၊ မြေ၊ တော၊ တောင်၌ ကျင်လည်ကျက်စားသည့် တိရစ္ဆာန်လေးများ အကြောင်းကို မြန်မာ့ ဒဏ္ဍာရီပုံပြင်များမှ ရရှိသောအသိ၊ မြန်မာ့ ရိုးရာပုံပြင်များနှင့် ကဗျာများအတွင်းမှ ဇာတ်ဆောင် တိရစ္ဆာန်ကလေးများနှင့် ဆက်စပ်သည့် မြန်မာ့ဓလေ့ရုပ်ပုံလွှာ၊ တိရစ္ဆာန်လေးများ၏ အမူအကျင့်များမှ တွေ့ရှိရသည့် စရိုက်၊ ဇာတ်တော်လာ တိရစ္ဆာန်များနှင့်ပတ်သက်သည့် အဆို အမိန့်တို့ဖြင့် သုတေသနရှုထောင့်မှ စိတ်ဝင်စားဖွယ် တင်ပြထားသည်။

ဟေဝန်ဟေမာသတ္တဝါတို့၏ နိမိတ်ပုံ လွှာစာအုပ်ကို စာပေဗိမာန်စာအုပ်ဆိုင် အမှတ် (တ/၅၅) သပြေကုန်းဈေး နေပြည်တော် ဖုန်း-၀၆၇-၄၁၄၆၈၁၊ စာပေဗိမာန် စာအုပ်ဆိုင် အမှတ် (၅၂၉/ ၅၃၁) ကုန်သည်လမ်း ရန်ကုန်မြို့ ဖုန်း- ၀၁-၂၄၉၀၃၁၊ စာပေဗိမာန်စာအုပ်ဆိုင် (မန္တလေးမြို့) ဖုန်း-၀၂-၆၂၉၃၁ နှင့် မြို့ အသီးသီးရှိ စာပေဗိမာန်ကိုယ်စားလှယ် များထံတွင် ဆက်သွယ်ဝယ်ယူနိုင်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

## အထက ကျောက်တံတား ကျောင်းသား ကျောင်းသူဟောင်းများ၏ အာစရိယပူဇော်ပွဲ

**ရန်ကုန် ဖေဖော်ဝါရီ ၁၁**

အထက ကျောက်တံတား ကျောင်းသား၊ ကျောင်းသူဟောင်းများ၏ (၁၈)ကြိမ်မြောက် အာစရိယပူဇော်ပွဲ အခမ်းအနားကို မတ် ၂ ရက် (တောင်သူ လယ်သမားနေ့) နံနက် ၉ နာရီတွင် အထက ကျောက်တံတားကျောင်းခန်းမ၌ ကျင်းပ မည်ဖြစ်ရာ ကိုသူရိန်ထွန်း ဖုန်း-၀၉-၅၁-၀၄၈၀၅၊ ကိုညိုမင်းလွင် ဖုန်း-၀၁-၂၄၆၈၃၅၊ မမိုးမိုးအောင် ဖုန်း-၀၁-၇၂၇၈၇၂၊ ၀၉-၉၉၂၄၃၆၅၊ ကိုကြီးစိုးအောင် ဖုန်း-၀၉-၅၀- ၆၆၂၂၂၊ ကိုဇင်မိုးအောင် ဖုန်း-၀၁-၇၀၈၈၀၂၊ မကြည်ကြည်ခိုင် ဖုန်း-၀၁-၇၀၉၈၁၈၊ ကိုဂျိုးဂျိုး ဖုန်း-၀၉-၉၉၂၂၇၇၄၊ မပွင့်ရည်ကျော် ဖုန်း-၀၉-၅၁-၈၃၅၇၃၊ ကိုဉာဏ်ထူးသာ ဖုန်း-၀၁-၃၈၆၄၃၆၊ ကိုနေလင်းဦး ဖုန်း-၀၉-၅၁၇၉၀၆၀၊ မစုစုဝင်း ဖုန်း-၀၉- ၅၀၃၂၀၀၅နှင့် မခင်မျိုးထွေး ဖုန်း-၀၁-၃၈၈၀၇၈ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (ကြေးမုံ)

## TV Guide ထုတ်ဝေဖြန့်ချိ

**နေပြည်တော် ဖေဖော်ဝါရီ ၁၁**

TV Guide စာစောင် အတွဲ (၁)၊ အမှတ် (၃၂)ကို ဖေဖော်ဝါရီ ၁၂ ရက် (သောကြာနေ့)တွင် စတင်ဖြန့်ချိမည်ဖြစ်သည်။ ယင်း TV Guide စာစောင်တွင် မြန်မာစာတန်းထိုးများဖြင့် ပြသနေပြီဖြစ်သည့် Multi Max ရုပ်သံလိုင်းတွင် အတ္တဆူး၊ စောရလူစွမ်းကောင်းနှင့် ပျိုကညာကားများအကြောင်းနှင့် တစ်ပတ်စာအစီအစဉ်များ၊ ချစ်သူများနေ့ အထူးတင်ဆက်ထားသည့် MTV ရုပ်သံလိုင်း၏ Asian Takeaway Valentine's Duets Special အစီအစဉ်၊ တရုတ်နှစ်သစ်ကူးအထူးတင်ဆက်ထားသည့် ဂျေချောင်းနှင့်အေမီတို့၏ သီချင်းများကို နားဆင်ရမည့်အစီအစဉ်၊ မြန်မာစာတန်းထိုး များဖြင့်ပြသမည့် Twilight, What Happens Vegas, Nim's Island, The Day The Earth Stood Stillရုပ်ရှင်ကားများပြမည့် Star Movies ရုပ်သံလိုင်း၊ FA ဖလား ပွဲစဉ်များဖြစ်သည့် ခရစ်တယ်ပဲလေ့စ်-ဗီလာ၊ ဘော်လ်တန်-စပါး၊ ဆောက်သမ်တန်- ပို့စ်မောက်၊ ရီဒင်း-ဝက်စ်ဘရွန်း၊ မန်စီးတီး-စတုတ်စီးတီး၊ ချယ်လ်ဆီး-ကာဒစ်၊ ကနေဒါ နိုင်ငံတွင် ကျင်းပပြီး ESPN ရုပ်သံလိုင်းတွင် တိုက်ရိုက်တင်ဆက်မည့် ဆောင်းရာသီ အိုလံပစ်အားကစားပြိုင်ပွဲအကြောင်း၊ Animal Planct ရုပ်သံလိုင်းတွင်မြန်မာ စကားပြောဖြင့် တင်ဆက်ပေးမည့် Orangutan Island Young & Wild အစီအစဉ်၊ Travel & Living ရုပ်သံလိုင်းတွင် မြန်မာစကားပြောဖြင့် တင်ဆက်မည့် World Cafe Asia၊ Fun Taiwan 7အစီအစဉ်များ၊ အစီအစဉ်အားလုံးအား မြန်မာစကားပြော၊ စာတန်းထိုးများဖြင့်ပြသနေသည့် NGC ရုပ်သံလိုင်းမှ Secrets of the Parthenon၊ Light at the Edge of the World အစီအစဉ်များ၊ Mandalay FM မှ အစီအစဉ် များ၊ အမှတ်တရပြန်ကြည့်ကြရမည့် အဆိုတော်မိုးမိုး၏ မင်္ဂလာပွဲဓာတ်ပုံများ၊ ရတနာခင်၊ ဆုပန်ထွာ၊ လှအဥ္ဇလီတင့်၊ ခိုင်နှင်းဝေတို့အထူးပါဝင်တင်ဆက်ထားသည့် စကားနပန်းအစီအစဉ်၊ လန်းတဲ့ကမ်းခြေလို့ အမည်ပေးထားသည့် FMF စသည့် အကြောင်းများပါဝင်ပြီး တစ်ပတ်စာ အစီအစဉ်များပါဝင်သည်။

TV Guide စာစောင်အား တစ်စောင်လျှင် ၅၀၀ ကျပ်နှုန်းဖြင့် City Mart များ၊ စိန်ဂေဟာစင်တာများ၊ Shopping Centre များ၊ စာအုပ်ဆိုင်များ၊ ဂျာနယ်ဆိုင်များတွင် ဝယ်ယူနိုင်ကြောင်းနှင့် ရန်ကုန်မြို့နှင့် မန္တလေးမြို့များတွင် အိမ်တိုင်ရာရောက်အစီအစဉ် ရှိနေပြီဖြစ်ကြောင်းသိရသည်။

မိမိနှင့်မိသားစုဝင်များ၏ အားလပ်ချိန်များကို တန်ဖိုးရှိရှိအသုံးချနိုင်ရန်နှင့် အစီအစဉ်ကောင်းများကို လက်မလွတ်စေရန်အတွက် TV Guide ရုပ်မြင်သံကြား လမ်းညွှန်ကို Novel Light Express (Tel;391186,243893) ဖြန့်ချိရေးမှ ဖြန့်ချိ လိုက်ပြီဖြစ်ရာ အပတ်စဉ်သောကြာနေ့တိုင်း စောင့်မျှော်ဖတ်ရှုနိုင်ပြီဖြစ်ကြောင်း သိရ သည်။ (သတင်းစဉ်)

## မြန်မာနိုင်ငံပြန်တမ်း

**နေပြည်တော် ဖေဖော်ဝါရီ ၁၁**

၁။ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် နိုင်ငံခြားရေး ဝန်ကြီးဌာန၊ နိုင်ငံရေးရာဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ် ဦးကျော်တင်အား အစမ်းခန့် ကာလ (၁)နှစ်ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်။

၂။ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် အောက်ဖော်ပြပါ ပုဂ္ဂိုလ်များအား ၎င်းတို့နှင့် ယှဉ်တွဲဖော်ပြထားသည့် ဝန်ထမ်းအဖွဲ့အစည်း အကြီးအကဲ ရာထူးနေရာများတွင် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည် -

| | အမည်၊ ရာထူး၊ ဌာန | ခန့်ထားသည့်ရာထူး၊ ဌာန |
|---|---|---|
| (က) | ဦးသန့်စင်<br>ဒုတိယညွှန်ကြားရေးမှူးချုပ်<br>ဝန်ကြီးရုံး<br>စွမ်းအင်ဝန်ကြီးဌာန | ဦးဆောင်ညွှန်ကြားရေးမှူး<br>မြန်မာ့ရေနံထွက်ပစ္စည်းရောင်းဝယ်ရေး<br>လုပ်ငန်း<br>စွမ်းအင်ဝန်ကြီးဌာန |
| (ခ) | ပါမောက္ခဒေါက်တာဦးသိန်းကြူ<br>ပါမောက္ခ/ဌာနမှူး<br>သွားတုဆေးပညာဌာန<br>သွားဘက်ဆိုင်ရာ<br>ဆေးတက္ကသိုလ် (ရန်ကုန်)<br>ဆေးသိပ္ပံပညာဦးစီးဌာန<br>ကျန်းမာရေးဝန်ကြီးဌာန | ပါမောက္ခချုပ်<br>သွားဘက်ဆိုင်ရာ<br>ဆေးတက္ကသိုလ်(မန္တလေး)<br>ဆေးသိပ္ပံပညာဦးစီးဌာန<br>ကျန်းမာရေးဝန်ကြီးဌာန |

## ဇီဝမျိုးစုံမျိုးကွဲတွေ ကြွယ်စေဖို့ သဘာဝတောတွေ ထိန်းသိမ်းစို့

## MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

**၁၂-၂-၂၀၁၀ (သောကြာနေ့)**

AM & PM

- ၅း၀၀ MRTV-4 အဖွင့် Logo ပဌာန်းပါဠိတော်+ အာဋာနာဋိယသုတ်
- ၅း၁၅ MRTV-4 သတင်း
- ၆း၀၀ "အစွမ်းထက်သောပရိတ်များ" (ကျိုက်ထိုဆရာတော် အရှင်နန္ဒောဘာသာဘိဝံသ)
- ၇း၀၀ MRTV-4 သတင်း
- ၇း၄၅ Seience Tech Today
- ၈း၀၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ကြည်နူးဝေဖြာ မေတ္တာကမ္ဘာ" (အပိုင်း-၁၉)**
- ၈း၃၀ Sports World
- ၈း၅၅ Activities In The City (မြန်မာနိုင်ငံကျန်းမာရေး သုတေသနညီလာခံဖွင့်ပွဲ အခမ်းအနား)
- ၉း၀၅ "ဒါနရွှေအိုးတူးဖော်ပေးရာ. . ."
- ၉း၁၅ သင့်မိသားစုကျန်းမာရေး ဂလိုဘယ်(လ်)ပဲဆီသန့်ဦးစားပေး
- ၉း၄၀ Movie Talk (ဒါရိုက်တာကြည်စိုးထွန်း အကယ်ဒမီ အောင်လွင်) (အပိုင်း-၄)
- ၁၀း၃၀ Activities In The City (အောင်ဆန်းသူရိယလှသောင်း ကျောင်း အထက(၂) မင်္ဂလာဒုံ၏ အာစရိယပူဇော်ပွဲ)
- ၁၀း၅၀ VJ Choice
- ၁၁း၂၀ "ပြည်ထောင်စုနေ့ ဂုဏ်ပြုအစီအစဉ်" တည်ငြိမ်အေးချမ်း ပျော်ရွှင်ခြင်းနှင့်အတူ. . .
- ၁၂း၀၀ Shooting Making (အခြစ်နှင့် အချစ်)
- ၁၂း၂၀ Activities In The City (မြန်မာနိုင်ငံကျန်းမာရေး သုတေသနညီလာခံဖွင့်ပွဲ အခမ်းအနား)
- ၁၂း၄၀ "ဒါနရွှေအိုးတူးဖော်ပေးရာ. . ."
- ၁း၀၀ "အစွမ်းထက်သောပရိတ်များ" (ကျိုက်ထိုဆရာတော် အရှင်နန္ဒောဘာသာဘိဝံသ)
- ၂း၀၀ MRTV-4 သတင်း
- ၂း၄၅ သူတို့ပြောတဲ့သူတို့အကြောင်း ဒါရိုက်တာကျော်ဇောလင်း [(အတွေးပုံရိပ်)နှင့်တွေ့ဆုံခြင်း] (အပိုင်း-၂)
- ၃း၂၀ အလှဆင်စရာပရိဘောကမ္ဘာ (THREE RED STAR)
- ၃း၃၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ကြည်နူးဝေဖြာ မေတ္တာကမ္ဘာ" (အပိုင်း-၁၉)**
- ၄း၁၀ Activities In The City (အောင်ဆန်းသူရိယလှသောင်း ကျောင်း အထက-(၂) မင်္ဂလာဒုံ၏ အာစရိယပူဇော်ပွဲ)
- ၄း၂၅ ကျန်းမာပျော်ရွှင်မီးအိမ်ရှင်ကဏ္ဍ (ဒေါက်တာနိုက်တင်ဂေးလ်နှင့် ဆွေးနွေးခန်း)
- ၄း၄၀ ပြည်ထောင်စုတေးအစီအစဉ်
- ၅း၀၀ သင့်မိသားစုကျန်းမာရေး ဂလိုဘယ်(လ်)ပဲဆီသန့်ဦးစားပေး
- ၅း၂၀ Seience Tech Today
- ၅း၃၀ MRTV-4 ကာတွန်းအစီအစဉ်
- ၆း၀၀ MRTV-4 သတင်း
- ၆း၂၀ World of Knowledge (DANGEROUS ENCOUN TERS WITH BRADY BARR)
- ၇း၀၅ Shooting Making (အခြစ်နှင့် အချစ်)
- ၇း၃၀ FMF Selection
- ၈း၀၀ MRTV-4 သတင်း
- ၈း၃၀ လှပသစ်ဆန်းအလှပြင်ခန်း (Hello)
- ၉း၁၀ ဖက်ရှင်လမ်းညွှန် (အဖြူရောင်ဖက်ရှင်)
- ၉း၃၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ကြည်နူးဝေဖြာ မေတ္တာကမ္ဘာ" (အပိုင်း-၁၉)**
- ၁၀း၀၀ ၂၀၀၈ခုနှစ် မြန်မာ့ရုပ်ရှင်ထူးချွန် ဆုချီးမြှင့်ပွဲအခမ်းအနား
- ၁၁း၁၅ ကန္ဒရဝတီ၏ ယဉ်ကျေးမှု အမွေအနှစ်များစုဝေးရာဆီသို့. . .
- ၁၁း၂၅ သူတို့ပြောတဲ့သူတို့အကြောင်း ဒါရိုက်တာကျော်ဇောလင်း [(အတွေးပုံရိပ်)နှင့်တွေ့ဆုံခြင်း] (အပိုင်း-၂)
- ၁၁း၅၀ VJ Choice
- ၁၂း၁၅ ကျန်းမာပျော်ရွှင်မီးအိမ်ရှင်ကဏ္ဍ (ဒေါက်တာနိုက်တင်ဂေးလ်နှင့် ဆွေးနွေးခန်း)
- ၁၂း၂၅ တိုင်းရင်းသားတို့အလှ စည်းလုံးခြင်းအက
- ၁၂း၃၅ အလောင်းတော်ကဿပ လိုဏ်ဂူတော်
- ၁၂း၅၀ လက်ဖက်စိုက်တဲ့ရွာကလေး
- ၁း၀၀ အစီအစဉ်ပြီး။

**MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ရိုးရိုးVHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။ မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။**

# တိုင်းရင်းသားယဉ်ကျေးမှုဓလေ့ထုံးစံများကို မြင်တွေ့သိရှိနိုင်ရန် ပြတိုက်ကြီးများပမာ တည်ဆောက် သမိုင်းရှည်လျားစွာ အတူတကွ ယှဉ်တွဲနေထိုင်လျက်ရှိကြသည့် တိုင်းရင်းသားများ ချစ်ခင်ရင်းနှီးမှုများ ပိုမိုဖြစ်ပေါ်



**အမျိုးသားအထိမ်းအမှတ်ဥယျာဉ်(နေပြည်တော်)ကို ပြည်နယ်နှင့်တိုင်းအသီးသီးမှ တိုင်းရင်းသားကိုယ်စားလှယ်များက ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြစဉ်။** (သတင်းစဉ်)

☆ **ကျောဖုံးမှ**

ဖွင့်ပွဲအခမ်းအနားသို့ ကာကွယ်ရေးဝန်ကြီးဌာနမှ တပ်မတော်အရာရှိကြီးများ၊ နေပြည်တော်တိုင်း စစ်ဌာနချုပ်တိုင်းမှူး၊ အစိုးရအဖွဲ့- အဖွဲ့ဝင်ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ အထူးဖိတ်ကြားထားသော ဧည့်သည်တော်များ၊ အနုပညာရှင်များ၊ ပြည်နယ်နှင့်တိုင်းအသီးသီးမှ တိုင်းရင်းသားကိုယ်စားလှယ်များ၊ နေပြည်တော်ခရိုင်အတွင်းရှိ မြို့နယ်များမှ ဒေသခံပြည်သူများ တက်ရောက်ကြသည်။

ရှေးဦးစွာ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီး သီဟသူရ တင်အောင်မြင့်ဦးက အဖွင့်အမှာစကား ပြောကြားသည်။

**နှုတ်ခွန်းဆက်သ**

ယနေ့အခမ်းအနားကို တက်ရောက်လာကြသည့် ဧည့်သည်တော်များ၊ ပြည်နယ်နှင့်တိုင်းအသီးသီးမှ တိုင်းရင်းသားကိုယ်စားလှယ်များအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေ။ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြည်ထောင်စုစိတ်ဓာတ်ပေါ်တွင် အရင်းခံသည့် စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြင့် ပါဝင်ဆောင်ရွက်နိုင်ကြပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သအပ်ပါကြောင်း။

ပြည်ထောင်စုနေ့ အခမ်းအနားကို စုံစုံညီညီ တက်ရောက်လာကြသည့် တိုင်းရင်းသားအားလုံးနှင့်အတူ (၆၃)နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် အမျိုးသားအထိမ်းအမှတ်ဥယျာဉ်(နေပြည်တော်)ကို ယခုကဲ့သို့ ဖွင့်လှစ်ခွင့်ရသည့်အတွက် အထူးပင်ဝမ်းမြောက်ဂုဏ်ယူပါကြောင်း ဦးစွာပထမ ပြောကြားလိုကြောင်း။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးတည်းဟူသော ဒို့တာဝန်အရေးသုံးပါးကို ဦးထိပ်ပန်ဆင်ပြီး ဦးတည်ချက်(၁၂)ရပ် ချမှတ်ကာ ပြည်ထောင်စု မြန်မာနိုင်ငံတော်ကြီးကို အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်လျက်ရှိကြောင်း၊ နိုင်ငံတစ်ဝန်းလုံး၌ တိုင်းရင်းသားပြည်သူတို့၏ လူမှုစီးပွားရေးဘဝ မြင့်မားစေရေးအတွက် လိုအပ်လျက်ရှိသည့် အခြေခံအဆောက်အအုံများကို တည်ဆောက်ပေးပြီးသည့်နည်းတူ ၂၀၀၈ ခုနှစ်တွင် ပြည်သူတို့က တစ်ခဲနက်ထောက်ခံအတည်ပြုခဲ့သည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီပေါ်ထွန်းလာမည့် နိုင်ငံတော်သစ်၏ ဖွဲ့စည်းမှုပုံသဏ္ဌာန်အရ မြန်မာနိုင်ငံ၏ ဒေသအသီးသီးနှင့် ဆက်သွယ်သွားလာမှုလွယ်ကူသည့် ဗဟိုဒေသ၌ နိုင်ငံတော်၏ မြို့တော်ဖြစ်သည့် နေပြည်တော်ကို တည်ဆောက်ပေးခဲ့ကြောင်း။

နေပြည်တော်သည် တိုင်းရင်းသားအားလုံး စုဝေးတွေ့ဆုံရာဒေသ ဖြစ်လာသည်နှင့်အညီ ပြည်ထောင်စုဖွား တိုင်းရင်းသားအားလုံး၏ ယဉ်ကျေးမှုနှင့် ဓလေ့ထုံးစံများကို တစ်နေရာတည်းတွင် တစုတဝေးတည်း ထိတွေ့ခံစားနိုင်ရန်အတွက် အမျိုးသားအထိမ်းအမှတ်ဥယျာဉ်(နေပြည်တော်)ကို တည်ဆောက်ရခြင်းဖြစ်ကြောင်း၊ အလားတူပင် ၂၀၀၂ ခုနှစ်က ရန်ကုန်မြို့၌ ပြည်ထောင်စုတိုင်းရင်းသားကျေးရွာနှင့် ၂၀၀၆ ခုနှစ်က ပြင်ဦးလွင်မြို့၌ အမျိုးသားအထိမ်းအမှတ်ဥယျာဉ်တို့ကိုလည်း တည်ဆောက်ဖွင့်လှစ်ပေးခဲ့ပြီးဖြစ်ကြောင်း၊ ယခုကဲ့သို့ တိုင်းရင်းသားယဉ်ကျေးမှု ဓလေ့ထုံးစံများကို မြင်တွေ့သိရှိနိုင်ရန် ပြတိုက်ကြီးများပမာ တည်ဆောက်ပေးခြင်းအားဖြင့် ပြည်ထောင်စု မြန်မာနိုင်ငံတော်အတွင်း သမိုင်းရှည်လျားစွာ အတူတကွ ယှဉ်တွဲနေထိုင်လျက်ရှိကြသည့် တိုင်းရင်းသားများသည် အချင်းချင်း၏ ယဉ်ကျေးမှုဓလေ့ထုံးစံများကို အပြန်အလှန်လေးစားပြီး ချစ်ခင်ရင်းနှီးမှုများ ပိုမိုဖြစ်ပေါ်စေမှာဖြစ်ကြောင်း၊ ထို့အပြင် အထိမ်းအမှတ်ဥယျာဉ်များကြောင့် ခိုင်မာသည့်ပြည်ထောင်စုစိတ်ဓာတ်သည် သားစဉ်မြေးဆက် စီးဆင်းသွားမှာပင်ဖြစ်ကြောင်း။

**လေ့လာခံစား**

ယနေ့ဖွင့်လှစ်သည့် အမျိုးသားအထိမ်းအမှတ်ဥယျာဉ်(နေပြည်တော်)ကို ဇေယျာသီရိမြို့နယ်အတွင်း မြေဧက ၄၀၀ ကျော်အပေါ်၌ ၂၀၀၈ ခုနှစ် နိုဝင်ဘာလ ၈ရက်နေ့ကစပြီး မြန်မာနိုင်ငံမြေပုံနှင့် အလားသဏ္ဌာန်တူသည့် ပြည်ထောင်စုပုံစံငယ်အဖြစ် အကွက်ချတည်ဆောက်ခဲ့ခြင်းဖြစ်ကြောင်း၊ ပြည်နယ်နှင့် တိုင်းအသီးသီးတို့တွင် တည်ရှိနေကြသည့် အထင်ကရစေတီ ပုထိုးများ၊ သဘာဝအလျောက်ဒေသ၏သင်္ကေတပမာ ဖြစ်ပေါ်နေသည့်တောင်များ၊ ရေကန်ကြီးများ၊ ရေတံခွန်ကြီးများ၊ လိုဏ်ဂူများ၊ ကမ်းခြေများနှင့် ကျွန်းများပါဝင်သည့် ဒေသအလိုက် ပြကွက်များကို ပုံစံတူများဖြင့် တည်ဆောက်ထားကြောင်း၊ ပြကွက်အသီးသီး၌ သက်ဆိုင်ရာတိုင်းရင်းသားတို့၏ နေ့စဉ်လူနေမှုဘဝကိုဖော်ပြနေသည့် ရိုးရာအိမ်များ၊ ရိုးရာအစားအစာများကို ရောင်းချပေးသည့် စားသောက်ဆိုင်များနှင့် ဖွံ့ဖြိုးတိုးတက်လာသည့် လူမှုစီးပွားရေးဘဝများကို လေ့လာနိုင်မည့် ပညာပေးပြခန်းများကို လေ့လာခံစားနိုင်ကြမှာဖြစ်ကြောင်း။

အမျိုးသားအထိမ်းအမှတ် ဥယျာဉ်(နေပြည်တော်)အတွင်း ခေတ်မီကလေးကစားကွင်းနှင့် ခန်းမများ၊ ရေလွှာလျှောစီး၊ ပုလဲငုပ် စသည့် ပျော်ရွှင်ချမ်းမြေ့ဖွယ် အပန်းဖြေနေရာများကိုလည်း ထည့်သွင်းတည်ဆောက်ထားကြောင်း၊ ဆက်လက်၍လည်း နိုင်ငံတကာအပန်းဖြေဥယျာဉ်များ၏ အင်္ဂါရပ်များကို ဖြည့်စွက်တည်ဆောက်သွားဦးမှာဖြစ်ကြောင်း၊ ဤဥယျာဉ်ကြီးတည်ဆောက်ရာတွင် ပါဝင်ဆောင်ရွက်ခဲ့ကြသည့် တိုင်းရင်းသားလုပ်ငန်းရှင်အဖွဲ့ကိုးဖွဲ့ကိုလည်း ကျေးဇူးတင်ရှိပါကြောင်း မှတ်တမ်းတင် ပြောကြားလိုကြောင်း။

**ဆုမွန်ကောင်းတောင်း**

အချုပ်အားဖြင့် ပြောကြားရလျှင် အမျိုးသား အထိမ်းအမှတ်ဥယျာဉ်(နေပြည်တော်)၌ လေ့လာအပန်းဖြေကြသူအားလုံးသည် ပြည်ထောင်စု မပြိုကွဲရေး၊ တိုင်းရင်းသား စည်းလုံးညီညွတ်မှုမပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးတည်းဟူသော ဒို့တာဝန်အရေးသုံးပါးကို ကာကွယ်စောင့်ရှောက်လိုစိတ်များဖြစ်ထွန်းကြပြီး ဤအမျိုးသားအထိမ်းအမှတ်ဥယျာဉ်နှင့်အတူ ပတ်ဝန်းကျင်၌ ယှဉ်တွဲဖြစ်ပေါ်လျက်ရှိသည့် တိရစ္ဆာန်ဥယျာဉ်၊ တည်ဆောက်ဆဲဖြစ်သည့် စစ်သမိုင်းပြတိုက်နှင့် အားကစားရုံများ၌ တစ်ဖက်က ဗဟုသုတအဖြာဖြာကို လေ့လာရင်း တစ်ဖက်ကလည်း အပန်းဖြေ ပျော်ရွှင်နိုင်ကြပါစေဟု ဆုမွန်ကောင်းတောင်းရင်း နိဂုံးချုပ်အပ်ပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် မင်္ဂလာအချိန်တွင် အမျိုးသားအထိမ်းအမှတ်ဥယျာဉ် (နေပြည်တော်)ကို ပြည်နယ်နှင့်တိုင်း အသီးသီးမှ တိုင်းရင်းသား ကိုယ်စားလှယ်များက ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ယင်းနောက် အတွင်းရေးမှူး (၁)သည် အမျိုးသား အထိမ်းအမှတ်ဥယျာဉ် (နေပြည်တော်) ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးပြီး အမျိုးသားအထိမ်းအမှတ်

**စာမျက်နှာ ၅ ကော်လံ ၁ သို့** ✳

**အမျိုးသား အထိမ်းအမှတ်ဥယျာဉ်(နေပြည်တော်) ဖွင့်ပွဲ အခမ်းအနားကျင်းပစဉ်။** (သတင်းစဉ်)







## ပြကွက်များကို ကြည့်ရှုအားပေး

**နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦး နှင့် အဖွဲ့ဝင်များ အမျိုးသားအထိမ်းအမှတ်ဥယျာဉ်(နေပြည်တော်)အတွင်း ပြည်နယ်နှင့် တိုင်းအလိုက် တည်ဆောက်ပြသထားသော အထင်ကရနေရာပြကွက်များကို ကြည့်ရှုအားပေးကြစဉ်။**

(သတင်းစဉ်)

✳ စာမျက်နှာ ၄ မှ

ဥယျာဉ် (နေပြည်တော်) ကမ္ပည်းမော်ကွန်းကို အမွှေးနံ့သာရည်ဖြင့် ပက်ဖျန်းပေးသည်။

**နံ့သာပက်ဖျန်း**

ဆက်လက်၍ ကာကွယ်ရေးဝန်ကြီးဌာနမှ တပ်မတော်အရာရှိကြီးများ၊ တိုင်းမှူးနှင့် ဝန်ကြီးများသည် အမျိုးသားအထိမ်းအမှတ်ဥယျာဉ် (နေပြည်တော်) ကမ္ပည်းမော်ကွန်းကို အမွှေးနံ့သာရည်ဖြင့် ပက်ဖျန်းပေးကြသည်။

**ကြည့်ရှုအားပေး**

ယင်းနောက် အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် အမျိုးသားအထိမ်းအမှတ်ဥယျာဉ် (နေပြည်တော်)အတွင်း ပြည်နယ်နှင့်တိုင်းအလိုက် တည်ဆောက်ပြသထားသော အထင်ကရနေရာပြကွက်များကို ယာဉ်ငယ်များဖြင့် လှည့်လည်ကြည့်ရှုအားပေးကြသည်။

**တည်ဆောက်ထား**

ယနေ့ ဖွင့်လှစ်လိုက်သည့် အမျိုးသားအထိမ်းအမှတ်ဥယျာဉ် (နေပြည်တော်)သည် နေပြည်တော်ခရိုင် ဇေယျာသီရိမြို့နယ် သိုက်ချောင်းကျေးရွာအနီးရှိ မြေအကျယ်ဧက ၄၀၀ ကျော်ပေါ်၌ မြန်မာပြည်မြေပုံအတိုင်း ပုံစံတူအကွက်ချ၍ ပြည်နယ်နှင့်တိုင်းများရှိ အထင်ကရစေတီ၊ ပုထိုးများ၊ လိုဏ်ဂူများ၊ မြစ်ကူးတံတားကြီးများ၊ တောင်များ၊ ရေကန်နှင့် အင်းအိုင်များ၊ ဆည်ကြီးများ၊ ရေတံခွန်များ၊ ကမ်းခြေနှင့်ကျွန်းများဖြင့် မြန်မာပြည်၏ ပုံစံငယ်သဖွယ် တည်ဆောက်ထားခြင်းဖြစ်သည်။

ကချင်ပြည်နယ်ပြကွက်၌ ခါကာဘိုရာဇီတောင်၊ လီဆူအိမ်၊ ရဝမ်အိမ်၊ ကချင်ရိုးရာအိမ်၊ ဂျိန်းဖောရိုးရာအိမ်၊ အင်းတော်ကြီးဘုရား၊ အင်းတော်ကြီးအိုင်၊ မေခနှင့် မလိခမြစ်ဆုံ၊ ဧရာဝတီမြစ်ကူး ဗလမင်းထင်တံတား၊ ကချင်တိုင်းရင်းသားများ၏ ရုပ်တုနှင့် ကချင်ရိုးရာ စားသောက်ဆိုင်တို့ ပါဝင်သည်။

ကယားပြည်နယ် ပြကွက်၌ တောင်ကွဲစေတီ၊ ကယားရိုးရာအိမ်များ၊ ဒီမောဆိုမြို့နှင့် ဘော်လခဲမြို့ ရှုခင်းတို့ပါဝင်သည်။

ကရင်ပြည်နယ်ပြကွက်၌ ကရင်ရိုးရာပျဉ်ထောင်ပျဉ်ခင်းအိမ်ကြီးများ၊ သံလွင်တံတား (ဘားအံ)၊ ဇွဲကပင်တောင်၊ မြဝတီမြို့ရှုခင်း၊ သံလွင်မြစ်ရှုခင်း၊ ဖာပွန်-ဘားအံလမ်းတို့ ပါဝင်သည်။

ချင်းပြည်နယ်ပြကွက်၌ ဟားခါးမြို့ရှုခင်း၊ တီးတိန်-ဟားခါး-ဂန့်ဂေါ-ချောင်းဦးလမ်း၊ မင်းတပ်မြို့ ရှုခင်းနှင့် ရိဒ်ရေကန်ကြီး၏ ရှုခင်းတို့ ပါဝင်သည်။

မွန်ပြည်နယ် ပြကွက်၌ ကျိုက်ထီးရိုးစေတီ၊ မွန်ရိုးရာအိမ်များ၊ စက်စဲကမ်းခြေနှင့် သံလွင်တံတား (မော်လမြိုင်)တို့ ပါဝင်သည်။

**ကမ်းခြေအလှ**

ရခိုင်ပြည်နယ်ပြကွက်၌ စစ်တွေမြို့ရှုခင်း၊ ကစ္ဆပနဒီတံတား၊ ကိုးသောင်းပုထိုးတော်ကြီး၊ သျှစ်သောင်းပုထိုးတော်ကြီး၊ စစ်တွေပွိုင့်မျှော်စင်နှင့် ငပလီကမ်းခြေအလှတို့ ပါဝင်သည်။

ရှမ်းပြည်နယ်ပြကွက်၌ အင်းလေးကန်နှင့် ဖောင်တော်ဦးစေတီ၊ ကျိုင်းတုံမြို့ ရုပ်တော်မူဘုရား၊ ပင်းတယ ဂူဘုရား၊ သံလွင်မြစ်ကူးတံတားများဖြစ်သည့် ကွမ်းလုံကြိုးတံတား၊ တာဆန်းတံတား၊ တာကောတံတားနှင့် တာကော်အက်တံတားတို့ ပါဝင်သည်။

နေပြည်တော်ပြကွက်၌ ရေဆင်းဆည်၊ ငလိုက်ဆည်၊ ပေါင်းလောင်းရေလှောင်တမံ၊ ကလေးကစားကွင်း၊ နေပြည်တော်၏ တိုးတက်နေသော ပြကွင်းပြကွက်များနှင့် စက်ခလုတ်နှိပ်၍ ကြည့်ရှုလေ့လာနိုင်သည့် နေပြည်တော်ပုံစံငယ်ပြကွက်တို့ ပါဝင်သည်။

စစ်ကိုင်းတိုင်း ပြကွက်၌ စစ်ကိုင်းတောင်ရိုး၊ ရွှေဘိုနန်းတော်၊ ကောင်းမှုတော်ဘုရား၊ မုံရွာမြို့ရှုခင်း၊ ရှေးမြန်မာအိမ်၊ လေရှီးနှင့် နာဂရိုးရာအိမ်၊ ချင်းတွင်းမြစ်၊ ချင်းတွင်းတံတား၊ ဆင်ဖြူရှင်တံတားနှင့် သဖန်းဆိပ်ရေလှောင်တမံတို့ ပါဝင်သည်။

တနင်္သာရီတိုင်းပြကွက်၌ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်မှ တောင်တန်းကြီးများ၊ ကျွန်းစုများ၊ မြိတ်မြို့ တစ်ဖက်ကမ်းမှ ပထော်ပထက်တောင်နှင့် လျောင်းတော်မူဘုရား၊ ပုလဲကျွန်း၊ မောင်းမကန်ကမ်းခြေ၊ ထားဝယ်မြို့ရှုခင်း၊ ကော့သောင်းမြို့ရှိ ဘုရင့်နောင်ရုပ်တု၊ ဘုရင့်နောင်အငူနှင့် ကော့သောင်းမြို့ရှုခင်းတို့ ပါဝင်သည်။

ပဲခူးတိုင်း ပြကွက်၌ စစ်တောင်းတံတား၊ ကမ္ဘောဇသာဒီနန်းတော်၊ ရွှေမော်ဓောစေတီတော်နှင့် နဝဒေးတံတားတို့ ပါဝင်သည်။

မကွေးတိုင်းပြကွက်၌ မကွေးမြသလွန်စေတီတော်၊ ဧရာဝတီတံတား(မကွေး)၊ အနော်ရထာတံတား (ချောက်)၊ မန်းရွှေစက်တော်၊ နဂါးပွက်တောင်၊ မကွေးမြို့ရှုခင်း၊ ပုသိမ်-မုံရွာလမ်း၊ မကွေး-နေပြည်တော်လမ်းနှင့် မကွေး-ချောက်လမ်းတို့ ပါဝင်သည်။

**ပြကွက်များ**

မန္တလေးတိုင်း ပြကွက်၌ ပုဂံပတ်ဝန်းကျင်ရှုခင်းပုံစံငယ်ပြကွက်၊ ရွှေစည်းခုံ၊ တန့်ကြည့်တောင်၊ တုရင်တောင်နှင့် လောကနန္ဒာဘုရားတို့ ပါဝင်သည့် စွယ်တော်လေးဆူပြကွက်နှင့် ပုဂံနန်းတော်ကြီးပြကွက်၊ မြနန်းစံကျော် ရွှေနန်းတော်၊ ကျုံးမြို့၊ နန်းမြင့်မျှော်စင်၊ သမိုင်းကျောက်စာတိုင်၊ မန္တလေးနန်းတွင်းပုံစံငယ်၊ မိတ္ထီလာမြို့၊ မိုးကုတ်မြို့နှင့် မန္တလေးတောင်၊ ဧရာဝတီတံတား (ရတနာပုံ)၊ ပုပ္ပားတောင်ကလပ်နှင့် ရဲရွာရေအားလျှပ်စစ်စီမံကိန်း ပုံစံတူပြကွက်များ ပါဝင်သည်။

ရန်ကုန်တိုင်းပြကွက်၌ ရွှေတိဂုံစေတီတော်၊ မြို့တော်ခန်းမနှင့် လွတ်လပ်ရေးကျောက်တိုင်ပုံစံတူတို့ ပါဝင်သည်။

ဧရာဝတီတိုင်းပြကွက်၌ မော်တင်စွန်းဘုရား၊ ငွေဆောင်ကမ်းခြေ၊ ငဝန်မြစ်ကူးတံတား၊ ဗိုလ်မြတ်ထွန်း တံတားနှင့် ပုသိမ် Food Shop တို့ ပါဝင်သည်။

ထို့အပြင် တိုင်းရင်းသားလူမျိုးများ၏ ရိုးရာအိမ်များနှင့်အတူ ရိုးရာအစားအစာများကိုလည်း ဝင်ရောက်လေ့လာစားသောက်နိုင်သည့် စားသောက်ဆိုင်များကိုပါ တစ်ပါတည်း တည်ဆောက်ဖွင့်လှစ်ထားသည်။

သက်ဆိုင်ရာ ပြည်နယ်နှင့်တိုင်းအသီးသီးရှိ ပြကွက်ဧရိယာများ၌ ခေတ်မီကလေးကစားကွင်းများ၊ ကစားခန်းမများ၊ ရေလှော်လှေစီးနှင့် ပုလဲငုပ်ခြင်းတို့ အပါအဝင် အပန်းဖြေနားနေစရာများပါ တစ်ပါတည်း ပူးတွဲတည်ဆောက်ထားပြီး ရေခဲပြင်စကိတ်ကွင်း၊ ရေလှိုင်းတုကမ်းခြေနှင့် ရှုရပ်မျှော်စင်များ (Viewing Towers) ကိုလည်း ဆက်လက်တည်ဆောက်သွားမည်ဖြစ်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

# ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ အထူးဈေးရောင်းပွဲတော်ဖွင့်ပွဲ တက်ရောက်အားပေးချီးမြှင့်

ရန်ကုန် ဖေဖော်ဝါရီ ၁၁

**ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည် ယနေ့ ညနေ ၃ နာရီခွဲတွင် ရန်ကုန်မြို့ ကန်တော်ကြီးရှိ ကရဝိက်ဥယျာဉ်ကမ္ဘာ မျှော်စင်ကျွန်း၌ ကျင်းပသည့် 547 Trading နှင့် မိတ်ဖက်ကုမ္ပဏီများ၏ အထူးဈေးရောင်းပွဲတော်ဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်အားပေးချီးမြှင့်သည်။**

ရှေးဦးစွာ အထူးဈေးရောင်းပွဲတော်ဖွင့်ပွဲ အခမ်းအနားကို မုခ်ဦးရှေ့၌ ကျင်းပရာ ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝင်းမြင့်၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ၊ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းနှင့် တာဝန်ရှိသူတို့က အထူးဈေးရောင်းပွဲတော်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေနှင့် အဖွဲ့ဝင်များ၊ ဧည့်သည်တော်များသည် အထူးဈေးရောင်းပွဲတော်၌ ခင်းကျင်းပြသရောင်းချလျက်ရှိသော ပြခန်းများကို လှည့်လည်ကြည့်ရှုအားပေးကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)



**ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ ကန်တော်ကြီး ကရဝိက်ဥယျာဉ်ကမ္ဘာ မျှော်စင်ကျွန်း၌ ကျင်းပသည့် 547 Tradingနှင့် မိတ်ဖက်ကုမ္ပဏီများ၏ အထူးဈေးရောင်းပွဲတော်ဖွင့်ပွဲတွင် ခင်းကျင်းပြသရောင်းချလျက်ရှိသော ပြခန်းများကို ကြည့်ရှုအားပေးစဉ်** (သတင်းစဉ်)

# မြဝတီရုပ်မြင်သံကြား အစီအစဉ်

## ၁၂-၂-၂၀၁၀ (သောကြာနေ့)

**နံနက်ပိုင်း**

- ၇း၀၀ ၁။ မြဝတီအဖွင့်
- ၇း၀၅ ၂။ တရားတော်
- ၇း၁၀ ၃။ ဓမ္မပူဇာတေး
- ၇း၂၀ ၄။ မျိုးချစ်တပ်မတော်
- ၇း၂၅ ၅။ မြန်မာပြည်တစ်ဝန်းရောင်စုံမှတ်တမ်း
- ၇း၃၀ ၆။ မြန်မာသံစဉ်ချိုနားဝင်
- ၇း၄၅ ၇။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေးအတီး ပြိုင်ပွဲအစီအစဉ်
- ၇း၅၀ ၈။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၇း၅၅ ၉။ အမျိုးသားရေးတေးကဗျာ
- ၈း၀၀ ၁၀။ မြဝတီရုပ်မြင်သံကြား သတင်း
- ၈း၁၀ ၁၁။ အမျိုးသားရေးတေးကဗျာ
- ၈း၁၅ ၁၂။ အပိတ်နှုတ်ဆက်စကား
- ၈း၁၆ ၁၃။ ပြီးပါပြီ။

**ညပိုင်း**

- ၄း၀၀ ၁။ မြဝတီအဖွင့်
- ၄း၀၅ ၂။ အဖွင့်သီချင်း
- ၄း၁၀ ၃။ အိုင်စီတီသုတ
- ၄း၂၀ ၄။ ရင်ခုန်စီးဆင်းအချစ်သီချင်း
- ၄း၃၅ ၅။ မဟာဂီတချိုကြည်မြ
- ၄း၄၅ ၆။ မျိုးချစ်တပ်မတော်
- ၅း၀၀ ၇။ ရင်မှာစွဲလန်းတော်ဝင်ပန်း
- ၅း၁၅ ၈။ အလွမ်းတေးပန်းချီချစ်သူဆီ
- ၅း၂၀ ၉။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၅း၃၀ ၁၀။ သဘာဝပတ်ဝန်းကျင်နှင့် တောတွင်းတိရစ္ဆာန်များ -ရေခဲပြင်မရှိတော့တဲ့ အာတိတ်ဒေသ(အပိုင်း-၄)
- ၆း၀၀ ၁၁။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆း၂၀ ၁၂။ အမျိုးသားရေးတေးကဗျာ
- ၆း၂၅ ၁၃။ လျှပ်တစ်ပြက်ရိုက်ချက်
- ၆း၃၀ ၁၄။ "ရွာ"ဟာသဇာတ်လမ်းတွဲ -စတုဂံ -ဇွဲနောင်၊ ခင်လင်းညို၊ မိုးကောင်း
- ၆း၅၀ ၁၅။ စောင့်မျှော်ရှုစား ကြိုးဝိုင်းစကား
- ၇း၀၀ ၁၆။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -နှလုံးသားမှတ်တမ်း (အပိုင်း-၁၇)**
- ၈း၀၀ ၁၇။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၈။ နိုင်ငံတကာသတင်း
- ၁၉။ မိုးလေဝသသတင်း
- ၂၀။ အမျိုးသားရေးတေးကဗျာ
- ၂၁။ စိုက်ပျိုးသုတ
- ၂၂။ ရှင်သန်နေသောသီချင်းများ -တေးရေး-ကေအေတီ၊ Rခိုင် ရွှေဂျော်ဂျော်၊ ဘိုဘို **-အချစ်သို့တည်ရာ** (အပိုင်း-၁)
- ၂၃။ မြဝတီရုပ်မြင်သံကြား မဂ္ဂဇင်းကဏ္ဍ
- ၂၄။ ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
- ၂၅။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း - ခေတ်တစ်ခေတ်ရဲ့ သူရဲကောင်း (အပိုင်း-၂၀)**
- ၂၆။ သင့်အတွက်မနက်ဖြန်
- ၂၇။ အပိတ်နှုတ်ဆက်စကား
- ၂၈။ ပြီးပါပြီ။

ခံ့ညားဝင့်ထည်သော လွှတ်တော်အဆောက်အအုံကြီးကိုလည်း ငွားငွားစွင့်စွင့် ဤသို့ တွေ့ရသည်။



(၆၃) နှစ်မြောက် ပြည်ထောင်စုနေ့ ဂုဏ်ပြုသတင်းဆောင်းပါး

# အားမာန်နိုးကြွ လှပသစ်ဆန်း ရွှေရောင်လွှမ်းသည့်

# နေပြည်တော်တစ်ဝန်း ဖွံ့ဖြိုးတိုးတက်မှုများ

လှိုင်ဘွား (ပါရမီ)
အဆင်အပြင် - ခိုင်သန္တာရွှေ

ညအမှောင်ထုကို ထိုးဖောက်လျက် နေလုံးကြီး တဖြည်းဖြည်းထွက်ပြူလာချိန်မှာပင် အရှေ့အရပ်ဆီမှ ရှမ်းရိုးမတောင်တန်းကြီးကို နောက်ခံထားလျက် ကင်မရာမြင်ကွင်းထဲမှာ သပ္ပာယ်ခံ့ညားစွာ နေရာယူထားသည့် ဥပ္ပါတသန္တိစေတီတော်ကြီး၏ ပုံရိပ်က ကြည်ညိုဖွယ်ရာကောင်းလှတော့သည်။ စေတီတော်ရင်ပြင်ပေါ်မှ လှမ်းကြည့်လိုက်စဉ် ထွက်ပြူစ နေရောင်ခြည်အောက်မှ နေပြည်တော်တစ်ခွင်ရှိ အစီအရီ လှပတင့်တယ်နေသော အဆောက်အအုံတို့ကို ထင်ရှားပီပြင်စွာ တွေ့မြင်ရသည်။ ဤကား ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီး၏ မြို့တော်နေပြည်တော်ပင် ဖြစ်ပေကြောင်းကို သပ်ရပ်ခံ့ညားလှသော အဆောက်အအုံများ၊ စနစ်တကျဖွဲ့စည်းထားသော မြို့ကွက်များ၊ အမှိုက်သရိုက်ကင်းစင်စွာဖြင့် ပြောင်စင်းလှပလွန်းသော လမ်းမကြီးများ၊ ပန်းမျိုးစုံ ဖူးပွင့်ဝေဆာလျက် စနစ်ကျနမှုကို အလှအပစွက်ထားသည့် လမ်းဆုံ၊ ကားလမ်း၊ အဝိုင်းများက သက်သေပြနေပေရာ ရှုမငြီးစဖွယ် တင့်တယ်လှပေတော့သည်။ နံနက်စောစော ဘုရားဖူးရန် ထွက်လာခဲ့ရသည့် ခရီးကား "ဘုရားလည်းဖူးရင်း ပီတိလည်းခူးရင်း" ဖြစ်ခဲ့ရပေပြီ။

ပြည်ထောင်စု မြန်မာနိုင်ငံတော်ကြီး၏ မဟာဗျူဟာအရ အချက်အချာကျလှသည့် ဤနေပြည်တော်ကို အရှေ့ဘက်တွင် ရှမ်းရိုးမတောင်တန်းကြီးက လည်းကောင်း၊ အနောက်ဘက်တွင် ပဲခူးရိုးမတောင်တန်းကြီးကလည်းကောင်း အနားသတ်လျက်ရှိနေပေရာ သဘာဝပန်းချီကားတစ်ချပ်သဖွယ် ဖြစ်နေတော့သည်။ နေပြည်တော်မှနေ၍ အင်းလေးကန်ရှိရာ၊ သမိုင်းဝင်ဘုရားပုထိုးတို့တည်ရှိရာ အေးမြသာယာလှသော သွေးချင်းတို့ဒေသ ရှမ်းပြည်နယ်တစ်ခွင်သို့ နာရီပိုင်းအတွင်း ခရီးပေါက်နိုင်သလို ကြည်နူးလန်းဆန်း အပန်းဖြေချင်လှပါသည်ဆိုလျှင်လည်း တောင်ပေါ်အပန်းဖြေစခန်းမြို့ဖြစ်သည့် ပြင်ဦးလွင်နှင့် ကလောမြို့တို့သို့ နေ့ချင်းပင် သွားပြန်နိုင်လောက်အောင် နီးစပ်လှပေသည်။ ထို့သို့ပင် ကျန်မြန်မာနိုင်ငံတစ်နံတစ်လျား သွေးချင်းတို့ဒေသများသို့လည်း နေ့ချင်းပေါက်




ဆက်သွယ်သွားလာနိုင်သဖြင့် နိုင်ငံတော်လုံခြုံရေး၊ အုပ်ချုပ်ရေး၊ စီးပွားရေးနှင့် ဖွံ့ဖြိုးရေးကိစ္စရပ်များကို နိုင်ငံတော်၊ ပြည်သူနှင့် တပ်မတော်တို့ ပေါင်းစပ်လျက် ကွက်ပြည့် ဆောင်ရွက်နိုင်ကြတော့မည် ဖြစ်သည်။ ထိုနည်းနှင်နှင် သမိုင်းဝင် မြန်မာ့ယဉ်ကျေးမှု အမွေအနှစ်များရှိရာ မန္တလေး၊ ပုဂံ၊ သရေခေတ္တရာတို့သည်လည်း နေပြည်တော်မှ အလှမ်းမဝေး။ 'ကမ္ဘာအစ မြန်မာက'ဟု ပြောနိုင်မည့် လူတူပရိုင်းမိတ်များတွေ့ရှိရာ ပုံတောင်ပုံညာဒေသကိုလည်း လက်တစ်ကမ်းသာ ဖြစ်ပေရာ နေပြည်တော်၏ နည်းပညာ ခေတ်မီတိုးတက်မှု၊ လူသားဆင့်ကဲ ဖြစ်စဉ်တွင် ပဓာနကျသည့် အခန်းကဏ္ဍမှ မြန်မာတို့ပါဝင်မှုနှင့် ရိုးရာအမွေအနှစ် ထိန်းသိမ်းနိုင်မှုတို့ ပေါင်းဖက်လျက် ကမ္ဘာကိုလှမ်းတက်နိုင်ကြမည် ဖြစ်ပေသည်။

ဤနေပြည်တော်ကြီးကို အထူးကျက်သရေတက်စေမည့် အကြောင်းအချက်တစ်ခုကား နေပြည်တော်ရှိ ရဟန်းရှင်လူပြည်သူအပေါင်း ဦးခိုက်ပူဇော်ကြရာ ဉာဏ်တော်အမြင့် ၃၂၅ ပေရှိသည့် ဥပ္ပါတသန္တိစေတီတော်ကြီးပင်ဖြစ်သည်။ နေပြည်တော်တွင် နေထိုင်ကြသူ ဝန်ထမ်းများအပါအဝင် အများပြည်သူ ဖူးမြော်ကြည်ညိုနိုင်ရန်အတွက် ရန်ကုန်မြို့ရှိ ရွှေတိဂုံစေတီတော်ကြီးနှင့်ပုံစံတူ ဥပ္ပါတသန္တိစေတီတော်ကြီးကို ရှေးရိုးမြန်မာမှု လက်ရာ၌ ခေတ်မီဗိသုကာနည်းပညာ ရောယှက်လျက် အံ့မခန်းကြည်ညိုဖွယ် စေတီတော်ကြီးအဖြစ် ၂၀၀၆ ခုနှစ်၊ နိုဝင်ဘာလတွင် စတင် ၍ ပန္နက်တော်တင် ဆောက်လုပ်ခဲ့ရာ ၂၀၀၉ ခုနှစ် မတ်လအတွင်း ပြီးစီးခဲ့ပြီး မတ်လ ၉ ရက်နေ့တွင် ဗုဒ္ဓါဘိသေကအနေကဇာတင် မင်္ဂလာ အခမ်းအနားကို ကျင်းပခဲ့သည်။ ထို့အတူ မဟာပါသာဒဘူမိ ဂန္ဓကုဋိကျောင်းဆောင်တော်အတွင်း ကိန်းဝပ်စံပယ်သည့် မဟာဆုတောင်းပြည့်ဘုရားကြီးနှင့် စေတီတော်လိုဏ်တော်အတွင်း ကိန်းဝပ် စံပယ်သည့် ကျောက်စိမ်းဆင်းတုတော် လေးဆူကို ကြည်ညိုသဒ္ဓါပွားနိုင်သကဲ့သို့ ဗုဒ္ဓ၏ ဖွား၊ ပွင့်၊ ဟော၊ စံစသော စကျင်ကျောက်ရုပ်လုံးကြွ ရုပ်တုများ၊ ၁၀၈ ပေမြင့်သည့် တံခွန်တိုင်တော်၊ မဟာဗောဓိပင်တော်နှင့် ၂၈ ဆူသော ပွင့်ရာ ဗောဓိဥယျာဉ်တော်၊ ၁၀၈ ပင်သော ဗောဓိညောင် ဥယျာဉ်တော်၊ ရှင်ဥပဂုတ္တ ကျောင်းဆောင်တော် တည်ရှိရာ မာလိနီမင်္ဂလာရေကန်တော်၊ ဝိသုံဂါမရွှေသိမ်တော်၊ စေတိယပါလ စံကျောင်းတော်၊ သံဃာရာမအဆောင်များ၊ သာသနာ့မဟာဗိမာန်တော်၊ ပြတိုက်၊ ပိဋကတ်တိုက်၊ မော်ကွန်းတိုက်စသည့် သာသနိက အဆောက်အအုံများကိုလည်း ကြည်ညိုဖွယ်ရာ မြင်တွေ့နိုင်သည်။

သာသနာတွင် ထူးခြားထင်ရှားသော ဆရာတော်ကြီးများအား သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်းပွဲ မင်္ဂလာအခမ်းအနားနှင့် ဆွမ်းဆန်စိမ်းလောင်းလှူပွဲမင်္ဂလာ အခမ်းအနားများကို သာသနာ့မဟာဗိမာန်တော်ကြီး၌ ကျင်းပခဲ့ရာတွင် နိုင်ငံတော်အကြီးအကဲကိုယ်တိုင် တက်ရောက်၍



အမျိုးသားအထိမ်းအမှတ်ဥယျာဉ်(နေပြည်တော်)ကို ဝေဟင်မှ တွေ့ရစဉ်။

ခြိမ့်ခြိမ့်သဲသဲ သာသနာ့အောင်ပွဲ ပူဇော်ဆင်နွှဲနိုင်ခဲ့ပေသည်။ ထို့ပြင် နေပြည်တော်၏ ဂုဏ်သတင်းကို မြန်မာ့ဗိသုကာပညာ၊ မြန်မာ့အနုပညာ ပန်း ၁၀ မျိုး လက်ရာစုံတို့ဖြင့် လက်စွမ်းကုန်ပြထားသည့် စေတီတော်ကြီး၏ ထူးခြားလှသည့် တည်ဆောက်ဖွဲ့စည်းမှု သဏ္ဌာန်တော်ကလည်း ကျက်သရေတိုးတက် လင်းလက်ထွန်းပြောင်စေခဲ့သည်။ အနယ်နယ်အရပ်ရပ်မှ ရောက်လာသမျှ ဧည့်သည်တော်တို့အဖို့ မြန်မာ့သုခုမ အနုပညာပြတိုက်ကြီးဟု ဆိုရလောက်သော စေတီတော်ကြီးကို ဖူးမြော်ရေးကိစ္စမှာ လက်လွှတ်မခံနိုင်သည့် ကိစ္စပင် ဖြစ်နေတော့သည်။

စေတီတော်ကြီးရှိရာသို့ လာရောက် ဖူးမြော်လိုသော်လည်း အလုပ်တာဝန် မအားလပ်မှုကြောင့် အချိန်ကို သတ်မှတ်ခွဲဝေနေရသူ ဝန်ထမ်းတို့ ရှိခိုးပူဇော် ဖူးမြော်ကြည်ညိုနိုင်ရန်အတွက်မူ ဓာတုစယဓာတ်ပေါင်းစု စေတီတော်ကို ဇမ္ဗူသီရိမြို့နယ်၊ နေပြည်တော် မင်္ဂလကုန်းတော်ပြင်ပေါ်တွင် တည်ထားခဲ့ရာ ညနေစောင်းအားလပ်ချိန်များနှင့် ရုံးပိတ်ရက်များတွင်လည်းကောင်း၊ နေ့ကြီးရက်ကြီးများတွင်လည်းကောင်း ကုသိုလ်ရှင် ဝန်ထမ်းများဖြင့် စည်ကားသပ္ပာယ်လှတော့သည်။

ဥပ္ပါတသန္တိစေတီတော်၏ တောင်ဘက်စူးစူးအရပ်တွင်ကား နေပြည်တော်ကြီး စည်ကားဖွံ့ဖြိုးလာအောင် ရွက်ဆောင်ကြိုးပမ်းပေးနေသည့် နေပြည်တော် စည်ပင်သာယာရေးကော်မတီ ရုံးစိုက်ရာ နေပြည်တော်မြို့တော်ခန်းမကြီးက ထီးထီးမားမား တည်နေလျက်ရှိသည်။ နိုင်ငံတော် အခမ်းအနားကြီးများ ကျင်းပချိန်များတွင် နိုင်ငံတော်တီးဝိုင်းက တီးမှုတ်သည့် နိုင်ငံတော်တီးလုံးသံအောက်မှ ကြီးမားခံ့ထည်လှပြီး ဆိတ်ဆိတ်ငြိမ်သက် ဣန္ဒြေယှက်သည့် နေပြည်တော်မြို့တော်ခန်းမကြီးကား ပြည်ထောင်စု မြန်မာနိုင်ငံတော်ကြီး၏ အုပ်ချုပ်ရေးမြို့တော် နေပြည်တော်ဆိုသည်မှာ ဤအရာပေတည်းဟု သက်သေပြနေသလို ရှိခဲ့မြဲပင်။ နိုင်ငံတော်အကြီးအကဲ၏ ကြီးမားလှသော အမြော်အမြင်အရ တိုတောင်းလှသော အချိန်အတွင်း နေပြည်တော်ကြီး ရှန်းကြွနိုးထလှပလာမှုကို ဤခမ်းနားလှသည့် အဆောက်အအုံကြီးက သက်သေပြနေသလိုသာ ရှိတော့သည်။

စာမျက်နှာ ၇ ကော်လံ ၁ သို့ ✡

(12-2)06.pmd 1 2/12/2010, 2:07 AM

✡ စာမျက်နှာ ၆ မှ

နေပြည်တော် မြို့တော်ခန်းမကြီးက ထိုသို့လှပခံ့ညားသလိုပင် အုပ်ချုပ်ရေး မြို့တော်ဖြစ်သည့်အလျောက် အစိုးရအဖွဲ့ ရုံးအပါအဝင် ၅၃ ခုသော ဝန်ကြီးဌာန ရုံးများကလည်း သီးခြားစီတည်ရှိပြီး ကြီးမားခံ့ထည်လှသည်။ ရေ၊ မီးစနစ် အပြည့်အစုံနှင့် အဆင့်မြင့်လှသည့် အဆောက်အအုံကိုယ်စီတို့က သပ်ရပ်မှု ချင်းပြိုင်လျက် နိုင်ငံတော်ဦးတည်ချက်များကို ပိုင်နိုင်ပြည့်မြောက်စေရန် အားမာန်အပြည့်ဖြင့် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည့် ဝန်ထမ်းများအတွက် စိတ်လက်ချမ်းသာ နားခိုရာဖြစ်စေခဲ့သည်။ သဘာဝအလျောက် တည်ရှိနေသော မြေမျက်နှာသွင်ပြင်ကို မထိပါးစေဘဲ မြေနိမ့်မြေမြင့်အဆင့်ဆင့်နှင့် အလျဉ်းသင့်အောင် တည်ဆောက်ထားသည့် သင့်လျော်သော အနီးအဝေးမှ ဝန်ကြီးရုံး ဖွေးဖွေးတို့က ဆေးရေးပန်းချီကားတစ်ချပ်သဖွယ် အလှကြွယ်လျက် မြင်ရသူတို့ကို စိတ်လက်ပေါ့ပါး အားသစ်ပွားစေသည်။ ပတ်ဝန်းကျင်ကို အလှဆင်သည့် သစ်တောသစ်ပင်တို့ကို ခုတ်လှဲခြင်းမှ လုံးဝရှောင်ကြဉ်ပြီး နှစ်စဉ် သစ်ပင်စိုက်ပွဲ ကျင်းပမြဲဖြစ်သည့်အလျောက် မိုးအောက်မြေပြင်တွင် မြစိမ်းရောင် ကမ္ဗလာလွှင်ပြင်ကြီးက နေပြည်တော်ကြီးသည် Ever Green City ကြီးအဖြစ်သို့ နီးစပ်သည်ထက် နီးစပ်လာကြောင်း သက်သေကောင်းကောင်း ပြနေပေသည်။

နေပြည်တော်ကို လယ်ဝေး၊ ပျဉ်းမနား၊ တပ်ကုန်း၊ ဇေယျာသီရိ၊ ပုဗ္ဗသီရိ၊ ဥတ္တရသီရိ၊ ဇမ္ဗူသီရိ၊ ဒက္ခိဏသီရိ ဟူသည့် မြို့နယ် ရှစ်မြို့နယ်ဖြင့် ဖွဲ့စည်းထားသည်။ နေပြည်တော်တွင် တာဝန်ထမ်းဆောင်ကြသော ဝန်ထမ်းများအား ဇမ္ဗူသီရိမြို့နှင့် ဒက္ခိဏသီရိမြို့တို့တွင် ရေ၊ မီးစနစ်ပါဝင်ပြီးဖြစ်သော နိုင်ငံတကာအဆင့်မီ ခေတ်မီအိမ်ရာများ တည်ဆောက်ပေးကာ ဇေယျသိဒ္ဓိ၊ ပညာသိဒ္ဓိ၊ မင်္ဂလာသိဒ္ဓိ၊ ဘောဂသိဒ္ဓိ၊ ဝဏ္ဏသိဒ္ဓိ၊ သုခသိဒ္ဓိ၊ ဗလသိဒ္ဓိ၊ ဉာဏသိဒ္ဓိ၊ ခနသိဒ္ဓိ စသည်ဖြင့် ရပ်ကွက်များ သတ်မှတ်လျက် နေထိုင်ခွင့်ပြုထားပေရာ စနစ်ကျနမှု၊ စည်းကမ်းသေဝပ်မှုတို့ဖြင့် စည်းလုံးညီညွတ်စွာ နေထိုင်လျက်ရှိကြပေသည်။ နေပြည်တော်ရှိ မြို့တိုင်းတွင်လည်း အထက်တန်းကျောင်းများ၊ ရပ်ကွက်အလိုက် အုပ်ချုပ်ရေးမှူးရုံးများ၊ အိုးအိမ်ဦးစီးဌာန အိမ်ရာရုံးများ၊ ဆေးပေးခန်းများ၊ ရဲစခန်းများ ကိုယ်စီထည့်သွင်းဖွဲ့စည်းထားပေသည်။ ဝန်ထမ်းများသာမက နေပြည်တော်တွင် ပြင်ပအလုပ်အကိုင်များ လုပ်ကိုင်ကြသည့် အငြိမ်းစား ဝန်ထမ်းများ၊ ကုန်သည်ပွဲစား၊ လက်သမား၊ ပန်းရန်၊ နေ့စားပါမကျန် နေထိုင်နိုင်ရန် အတွက်လည်း မူလရှိပြီး ကျေးရွာနှင့်ရပ်ကွက်များအပြင် ဘုရင့်နောင်၊ ရွှေနံ့သာ၊ သပြေကုန်းစသည့် ရပ်ကွက်တို့တွင် နေရာချထားနေထိုင်စေခဲ့ပေသည်။ ထို့အတူ ယခင်က ဤဒေသတစ်ဝိုက်တွင် ရှိနေပြီးဖြစ်သည့် ကျေးရွာများကိုလည်း ခေတ်နှင့်လျော်ညီသည့် မြို့ပြပုံစံဖြစ်အောင် ရပ်ကွက်များအသွင် ပြောင်းလဲဖွဲ့စည်းပေးလျက်ရှိရာ မဝေးလှသော ကာလအတွင်း နေပြည်တော်ကြီးကား ကြက်ပျံမကျ စည်ကားပေဦးတော့မည်။

စည်ကားမှုကို စိုပြည်မှုက ပံ့ပိုးထောက်ကူပြုလျက်ရှိရာ နေပြည်တော် တစ်ခွင်လုံး စိမ်းလန်းစိုပြည်စေရေးနှင့် သောက်သုံးရေရရှိရေးအတွက် တောင်စွယ်တောင်တန်းတို့ကို တမံပိတ်ပြီး ချောင်းမကြီးဆည်ကို တည်ဆောက်ထားရှိသည်။ ရေပေးဝေရေးစီမံချက်ကို နေပြည်တော် စည်ပင်သာယာရေးကော်မတီမှ တာဝန်ယူဆောင်ရွက်လျက်ရှိရာ ချောင်းမကြီးဆည်မှရေကို နေ့စဉ် ရေဂါလန် ငါးသန်းနှုန်းဖြင့် ဖြန့်ဝေပေးလျက်ရှိသည်။ လိုအပ်လာပါက ရေဂါလန် ၁၀ သန်းနှုန်းအထိ ပေးဝေနိုင်မည်ဖြစ်ရာ နေပြည်တော်သားတို့ စိတ်အေးချမ်းသာ စီးပွားရှာ၊ ပညာရှာနိုင်သကဲ့သို့ နိုင်ငံ့တာဝန်များကိုလည်း ကြောင့်ကြမရှိ ထမ်းဆောင်နိုင်ကြပေတော့မည်။

နေပြည်တော်အတွင်း မှီတင်းနေထိုင်လုပ်ကိုင်သူတို့ တစ်နေရာနှင့် တစ်နေရာ ကူးသန်းသွားလာနိုင်ရေးအတွက် နေပြည်တော်လမ်းများကို နိုင်ငံတကာအဆင့်မီ မြို့တော်ကြီးများ၏ ဂုဏ်ဒြပ်နှင့်အညီ လေးလမ်းသွား၊ ခြောက်လမ်းသွား၊ ရှစ်လမ်းသွားလမ်းများ ဖောက်လုပ်ပေးထားသည့်အပြင် မကြာမီကာလတွင် လမ်း ၂၀ သွားလမ်းများကိုပင် တွေ့မြင်ကြရပေတော့မည်။ လမ်းများ၏ သပ်ရပ်ပြန့်ပြူးမှုတွင် စနစ်ကျမှုပေါင်းစပ်သည့် အနေဖြင့် သွားလမ်း ပြန်လမ်း ပိုင်းခြားပေးထားသည့် လမ်းလယ်ကျွန်းများကလည်း ပန်းအလှပင်များ ဝေဆာစွာဖြင့် လှပစိုပြည်နေပေရာ လမ်းပေါ်တွင် ဥယျာဉ်တင်ထားသကဲ့သို့ပင် ရှိတော့သည်။ ညအချိန်ထွန်းညှိထားသည့် မာကျူရီမီးရောင်အောက်တွင် လှပလွန်းနေသည့် လမ်းလယ်ကျွန်းများ၏ ဖမ်းစားမှုကား ယာဉ်မောင်းသူများကို ပန်းဥယျာဉ်အတွင်း မောင်းနှင်နေရသလိုပင် ဖြစ်စေတော့သည်။ ထိုမျှသာမက လမ်းတို့ဆုံရာ လမ်းဆုံဖြစ်သည့် သပြေကုန်း၊ ကြာပန်း၊ ရာဇသင်္ဂဟ၊ အင်ကြင်းပန်း၊ ဥတ္တရသီရိ၊ ကံ့ကော်ပန်း၊ ဝဏ္ဏသိဒ္ဓိ၊ ခနသိဒ္ဓိ၊ ဘောဂသိဒ္ဓိ စသည့် လမ်းဆုံအဝိုင်းကြီး ကိုးခုတို့ကလည်း ပန်းမျိုးစုံတို့ဖြင့် ဝေဆာလျက် ဖြတ်သန်းကျော်လွန်သွားရမည်ကိုပင် နှမြောရလောက်အောင် ရင်သပ်ရှုမောဖွယ်ရာ လှပလွန်းနေတော့သည်။ ထိုအလှအပကို နောက်ခံထားလျက် နိုင်ငံခြားသားဧည့်သည်များ၊ ဓာတ်ပုံဝါသနာရှင်များ၊ လမ်းလျှောက်အပန်းဖြေ လာရောက်လည်ပတ်ရင်း ဓာတ်ပုံရိုက်သူများ စသည်ဖြင့် လူပရိသတ်မျိုးစုံ ရောယှက်စည်ကားလျက်ရှိရာ ထိုသူတို့၏သတင်းစကား၊ မြင်ကွင်းစကား သယ်ဆောင်သွားမှုအရပင် နေပြည်တော်၏ လှပခံ့ညားမှုကား မြန်မာမှအစ ကမ္ဘာထိအောင် ပျံ့နှံ့ကျော်ကြားပေတော့မည်။

နေပြည်တော်တွင်းသာမက မြို့တော်အပြင်ထွက်သော် နေပြည်တော်မှ နိုင်ငံတစ်ဝန်းလုံးသို့ ကူးသန်းသွားလာနိုင်မည့် နေပြည်တော်-ရန်ကုန်၊ နေပြည်တော်-မန္တလေး အမြန်လမ်းမကြီးများကလည်း ဖြောင့်စင်းညီညာလှသည်။ နေပြည်တော်မှ ရန်ကုန်မြို့သို့ မော်တော်ယာဉ်မောင်းနှင်ချိန် လေးနာရီခန့်မျှနှင့် ခရီးပေါက်နိုင်ကြပြီဖြစ်ရာ ကျန်းမာရေးကိစ္စအတွက် သော်လည်းကောင်း၊ စီးပွားရေးအတွက် သော်လည်းကောင်း၊ ပညာရှာရန်အတွက် သော်လည်းကောင်း၊ အပန်းဖြေခရီးထွက်ရန် အတွက်သော်လည်းကောင်း အချိန်တိုတောင်းစွာဖြင့် စိတ်ကူးတို့ ထမြောက်ရှင်သန်နိုင်ကြပြီ ဖြစ်သည်။ နေပြည်တော်မှ အနယ်နယ်အရပ်ရပ်သို့ သွားလာနိုင်မည့် ရွှေမန်းသူ၊ အောင်စိုးမိုး၊ ဂန္ထဝင်၊ နန်းထိုက်စံ၊ ထက်ဦး၊ အာရှကြယ်စင်ဟိန်း၊ ရာဇာမင်း၊ ရိုးမ၊ ရွှေစင်စကြာတို့ အပါအဝင် ဒါဇင်နှင့်ချီသည့် အဝေးပြေးယာဉ်လိုင်းများကလည်း စုံလင်လှပေရာ အရည်တူ၊ အသွေးတူ များပြားလှသော ယာဉ်လိုင်းများမှ နိုင်ငံတကာအဆင့်မီ လေအိတ်စနစ် တပ်ဆင်ထားသည့်ယာဉ်များကို ခရီးသည်တို့ စိတ်ကြိုက်ရွေးချယ် သွားလာနိုင်ကြပြီဖြစ်သည်။



နေပြည်တော်ရှိ ဝန်ထမ်းအိမ်ရာများကို ဝေဟင်မှ တွေ့ရစဉ်။

မော်တော်ယာဉ် ခရီးစဉ်များသာမက နေပြည်တော်ဘူတာကြီးမှ နေ့စဉ်ပြေးဆွဲလျက်ရှိသော ရထားခရီးစဉ်များကလည်း နိုင်ငံတော်၏မြို့တော် နေပြည်တော်နှင့် တစ်နိုင်ငံလုံးကို ဆက်စပ်ပေးလျက်ရှိသည်။ နေပြည်တော် ပုဗ္ဗသီရိမြို့တွင် တည်ရှိသည့် ခံ့ညားလှပဝင့်ထည်လွန်းလှသော ခေတ်မီအဆောက်အအုံ နေပြည်တော်ဘူတာကြီးကား ရထားစီး ခရီးသည်တို့ကို စိတ်ချမ်းမြေ့ဖွယ်ရာ ဝန်ဆောင်မှုတို့ကို ဆောင်ရွက်ပေးလျက်ရှိသကဲ့သို့ မော်တော်ယာဉ်ခရီးနှင့်မတူ၊ ရထားကြီးတို့၏ ငြိမ့်ညောင်းလှသော အိပ်မက်ဆန်ဆန် ရွေ့လျားမှုအရသာက ခရီးသည်တို့ကို တသသစွဲမက်စေတော့သည်။

ထိုသောခရီးတို့ကိုမျှ မသွားလို၊ အချိန်ကို ပိုမိုချွေတာလိုသူတို့အတွက်လည်း နေပြည်တော် လေယာဉ်ကွင်းမှ နေ့စဉ်ပျံတက်လျက်ရှိသော လေယာဉ်ကြီးများက စောင့်ကြိုလျက်ရှိသည်။ သာယာကျယ်ပြောလှသော ကွင်းပြင်ကြီးထဲမှ ပျံတက်သွားသော လေယာဉ်ကြီးများက လေဆိပ်တွင်ကျန်ရစ်ခဲ့သည့် ပို့ဆောင်နှုတ်ဆက်သူတို့အတွက် အလှနှင့်အလွမ်းရသကို တစ်ပြိုင်တည်း ခံစားစေခဲ့တော့သည်။ အသစ်တည်ဆောက်လျက်ရှိပြီး မကြာမီကာလ ပြီးစီးတော့မည့် ငှက်သွင် ပျံကြွလှပလွန်းလှသည့် နိုင်ငံတကာအဆင့်မီ နေပြည်တော် အပြည်ပြည်ဆိုင်ရာ လေဆိပ်သစ်ကြီး ပြီးစီးခဲ့ပါမူ နိုင်ငံသားဧည့်သည် ညိုညိုဖြူဖြူ ခရီးသွားပြည်သူ၊ အလှအပလာရောက်ခံစားသူ၊ လာရောက်လည်ပတ်စားသောက်ကြသူများဖြင့် ယခုထက်မက ပျားပန်းခပ်မျှ စည်ကားပေဦးတော့မည်။

သွားလာရေး ဆောင်ရွက်ပေးရုံမျှနှင့် မပြီး၊ နိုင်ငံတော်အကြီးအကဲ၏ စေတနာဖြင့် နေပြည်တော်ရှိ ပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှု ပေးနိုင်ရန် အတွက် နေပြည်တော်ပြည်သူ့ဆေးရုံကြီး (ခုတင်-၃၀၀)ကို တည်ဆောက် စောင့်ရှောက်ပေးခဲ့ရာမှ ၂၀၀၈ ခုနှစ် စက်တင်ဘာလ ၂၇ ရက်နေ့တွင် နေပြည်တော် ပြည်သူ့ဆေးရုံကြီး(ခုတင်-၁၀၀၀)အဖြစ် အဆင့်တိုးမြှင့် ဆောင်ရွက်ပေးခဲ့သည့် အပြင် ရောဂါရှာဖွေရေး အဆင့်မြင့်စက်ကိရိယာများပါဝင်သည့် အထူးကုသမှုဌာနများကိုလည်း တစ်ပါတည်းဖွင့်လှစ်ပေးခဲ့သည်။ ဆေးရုံကြီးများသာမက မြို့နယ်တိုင်းတွင် ခုတင်(၅၀)ဆံ့ဆေးရုံများ တည်ဆောက်လျက်ရှိနေပြီး အနာဂတ်တွင် ခုတင်(၁၀၀)ထိ တိုးချဲ့နိုင်ရေးကိုလည်း စီစဉ်လျက်ရှိသည်။ ထို့အပြင် နေပြည်တော် ပြည်သူ့ဆေးရုံကြီး(ခုတင်-၁၀၀၀)နှင့်သော်လည်းကောင်း၊ မြို့နယ်ဆေးရုံများနှင့် သော်လည်းကောင်း အလှမ်းဝေးသည့် ကျေးရွာများမှ ပြည်သူများ အတွက်လည်း အမှတ်(၂) တပ်မတော်ဆေးရုံကြီး(ခုတင်-၁၀၀၀)မှ လက်ခံစောင့်ရှောက် ကုသပေးလျက်ရှိရာ နေပြည်တော်နှင့် ပတ်ဝန်းကျင်ကျေးရွာများရှိ ပြည်သူတို့အဖို့ ကျန်းမာရေးနှင့် ပတ်သက်၍ ပူပန်သောကရောက်စရာအကြောင်း မမြင်တော့ပေ။ ထို့အပြင် ဥတ္တရသီရိမြို့တွင် နေပြည်တော်၏ ပထမဆုံး ပုဂ္ဂလိက ဆေးရုံကြီးကို တည်ဆောက်နေပြီဖြစ်ရာ ကျန်းမာရေးကို အထူးအာရုံစိုက်သူတို့ အတွက် အားတက်စရာပင် ဖြစ်သည်။

နေပြည်တော် ပုဗ္ဗသီရိမြို့တွင် တည်ရှိသည့် ခံ့ညားလှပဝင့်ထည်လွန်းလှသော ခေတ်မီအဆောက်အအုံ နေပြည်တော်ဘူတာကြီးကား ရထားစီးခရီးသည်တို့ကို စိတ်ချမ်းမြေ့ဖွယ်ရာ



နေပြည်တော်၌ ခေတ်မီလှပသည့် ဒီဇိုင်းပုံစံနှင့် ဆောက်လုပ်ထားသည့် ဘဏ်အဆောက်အအုံ တစ်ခုကို ဤသို့ တွေ့ရသည်။

ဝန်ဆောင်မှုတို့ကို ဆောင်ရွက်ပေးလျက်ရှိသကဲ့သို့ မော်တော်ယာဉ်ခရီးနှင့်မတူ၊ ရထားကြီးတို့၏ ငြိမ့်ညောင်းလှသော အိပ်မက်ဆန်ဆန်ရွေ့လျားမှုအရသာက ခရီးသည်တို့ကို တသသ စွဲမက်စေတော့သည်။

ထိုသောခရီးတို့ကိုမျှ မသွားလို၊ အချိန်ကို ပိုမိုချွေတာလိုသူတို့အတွက်လည်း နေပြည်တော် လေယာဉ်ကွင်းမှ နေ့စဉ်ပျံတက်လျက်ရှိသော လေယာဉ်ကြီးများက စောင့်ကြိုလျက်ရှိသည်။ သာယာကျယ်ပြောလှသော ကွင်းပြင်ကြီးထဲမှ ပျံတက်သွားသော လေယာဉ်ကြီးများက လေဆိပ်တွင်ကျန်ရစ်ခဲ့သည့် ပို့ဆောင်နှုတ်ဆက်သူတို့အတွက် အလှနှင့်အလွမ်းရသကို တစ်ပြိုင်တည်း ခံစားစေခဲ့တော့သည်။ အသစ်တည်ဆောက်လျက်ရှိပြီး မကြာမီကာလ ပြီးစီးတော့မည့် ငှက်သွင် ပျံကြွလှပလွန်းလှသည့် နိုင်ငံတကာအဆင့်မီ နေပြည်တော် အပြည်ပြည်ဆိုင်ရာ လေဆိပ်သစ်ကြီး ပြီးစီးခဲ့ပါမူ နိုင်ငံသားဧည့်သည် ညိုညိုဖြူဖြူ ခရီးသွားပြည်သူ၊ အလှအပလာရောက်ခံစားသူ၊ လာရောက် လည်ပတ်စားသောက်ကြသူများဖြင့် ယခုထက်မက ပျားပန်းခပ်မျှ စည်ကားပေဦးတော့မည်။

သွားလာရေး ဆောင်ရွက်ပေးရုံမျှနှင့် မပြီး၊ နိုင်ငံတော်အကြီးအကဲ၏ စေတနာဖြင့် နေပြည်တော်ရှိ ပြည်သူများကို ကျန်းမာရေး စောင့်ရှောက်မှု ပေးနိုင်ရန် အတွက် နေပြည်တော်ပြည်သူ့ဆေးရုံကြီး (ခုတင်-၃၀၀)ကို တည်ဆောက် စောင့်ရှောက်ပေးခဲ့ရာမှ ၂၀၀၈ ခုနှစ် စက်တင်ဘာလ ၂၇ ရက်တွင် နေပြည်တော် ပြည်သူ့ဆေးရုံကြီး(ခုတင်-၁၀၀၀)အဖြစ် အဆင့်တိုးမြှင့် ဆောင်ရွက်ပေးခဲ့သည့် အပြင် ရောဂါရှာဖွေရေး အဆင့်မြင့်စက်ကိရိယာများပါဝင်သည့် အထူးကုသမှု ဌာနများကိုလည်း တစ်ပါတည်းဖွင့်လှစ်ပေးခဲ့ သည်။ ဆေးရုံကြီးများသာမက မြို့နယ်တိုင်းတွင် ခုတင်(၅၀)ဆံ့ဆေးရုံ များ တည်ဆောက်လျက်ရှိနေပြီး အနာဂတ်တွင် ခုတင်(၁၀၀)ထိ တိုးချဲ့နိုင်ရေးကို လည်း စီစဉ်လျက်ရှိသည်။ ထို့အပြင် နေပြည်တော်ပြည်သူ့ ဆေးရုံကြီး(ခုတင်-၁၀၀၀)နှင့်သော်လည်းကောင်း၊ မြို့နယ် ဆေးရုံများနှင့် သော်လည်းကောင်း အလှမ်းဝေးသည့်ကျေးရွာများမှ ပြည်သူများအတွက်လည်း အမှတ်(၂) တပ်မတော် ဆေးရုံကြီး(ခုတင်-၁၀၀၀)မှ လက်ခံ စောင့်ရှောက် ကုသပေးလျက်ရှိရာ နေပြည်တော်နှင့် ပတ်ဝန်းကျင်ကျေးရွာ များရှိ ပြည်သူတို့အဖို့ ကျန်းမာရေးနှင့် ပတ်သက်၍ပူပန်သောကရောက်စရာအကြောင်း မမြင်တော့ပေ။ ထို့အပြင် ဥတ္တရသီရိမြို့ တွင် နေပြည်တော်၏ ပထမဆုံး ပုဂ္ဂလိက ဆေးရုံကြီးကို တည်ဆောက်နေပြီဖြစ်ရာ ကျန်းမာရေးကို အထူးအာရုံ စိုက်သူတို့ အတွက် အားတက်စရာပင် ဖြစ်သည်။

ကျန်းမာရေးနှင့်ပတ်သက်၍စောင့်ရှောက် ပေးနေသကဲ့သို့ ပြည်သူအများ စိတ်ရွှင်လန်း အပန်းဖြေနိုင်ရေးအတွက်လည်း ပန်းဥယျာဉ်များ၊ အပန်းဖြေဌာနများ ဆောင်ရွက်ပေးထားရာ နေပြည်တော် ရေပန်းဥယျာဉ်၊ ငလိုက်ကန်သာအပန်းဖြေ စခန်းနှင့် ရေချိုးဆိပ်တို့မှာ ထင်ရှားလှသည်။ ညပိုင်းတွင် မီးရောင်စုံထွန်းညှိထားသော ရေပန်းဥယျာဉ်တွင် ပရိသတ်တို့ ကြိတ်ကြိတ်တိုးစည်ကားနေသကဲ့သို့ အဆင့်မြင့်နည်းပညာသုံး ရေလွှာရုပ်ရှင်ကလည်း အံ့ဩဖွယ်ဖြစ်ရာ ပရိသတ်အပေါင်း ပါးစပ်အဟောင်းသားဖြစ်ရလောက်ပေသည်။ ယခုအခါ ရေပန်းဥယျာဉ်(၁)နှင့် (၂)တို့ကို ဖွင့်လှစ်ပေးထားပြီဖြစ်ပြီး ဆက်လက်၍ ရေပန်းဥယျာဉ်အမှတ်(၃)ကို ဖွင့်လှစ်နိုင်ရန် စီစဉ်လျက်ရှိသည်။ ထို့အပြင် နေပြည်တော်သပြေကုန်းတွင် (2D/3D)ရုပ်ရှင်ရုံကို တည်ဆောက်နေပြီဖြစ်ရာ ကမ္ဘာ့အဆင့်ကို နေပြည်တော်သားတို့ အချိန်တိုအတွင်း လှမ်းမီနိုင်ကြတော့မည် ဖြစ်သည်။

အပန်းဖြေရုံသာမက ဆေးပညာကိုပါ အဆစ်ရစေနိုင်မည့် အမျိုးသားပရဆေးဥယျာဉ်ကြီးကလည်း နေပြည်တော်တွင် ရှိနေပြန်သည်။ အေးမြလှသော အရိပ်အာဝါသအောက်တွင် အနားယူရင်း မြန်မာ့ရိုးရာ တိုင်းရင်းဆေးပညာအတွက် အရေးပါလှသည့် ပရဆေးအမျိုးပေါင်း ၃၅၃ မျိုးကို လေ့လာမှတ်သား အကျိုးများစေနိုင်ပေရာ စိတ်ဝင်စားသူတို့အဖို့ တန်ဖိုးမဖြတ်နိုင်လောက်သော ပရဆေးဗဟုသုတကမ္ဘာဥယျာဉ်မဟာဖြစ်တော့သည်။

ထို့အပြင် ပြည်သူတို့အပန်းဖြေနိုင်ရန်နှင့် ဗဟုသုတရစေရန်အတွက် နေပြည်တော်ရေဆင်းတွင် တိရစ္ဆာန်ဥယျာဉ်(နေပြည်တော်)ကို မြေအကျယ်အဝန်း ၁၀၆၂ ဧကပေါ်တွင် တည်ဆောက်ခဲ့ရာ ၂၀၀၈ ခုနှစ် မတ်လ ၂၆ ရက်တွင် ဖွင့်လှစ်နိုင်ခဲ့သည်။ တိရစ္ဆာန်ဥယျာဉ်တွင် နို့တိုက်သတ္တဝါ ၃၉ မျိုး၊ ကျေးငှက်ပေါင်း အမျိုး ၃၀၊ တွားသွားသတ္တဝါ ၁၂ မျိုးကို ပြကွက်ပေါင်း ၂၇ ကွက်ဖြင့် ပြသထားရာ ထိုပြကွက်များအနက် မြန်မာနိုင်ငံတွင် မရှိသည့် ရေခဲပြင်ဒေသနေ ပင်ဂွင်းငှက်ပြကွက်၊ ရှားပါးတိရစ္ဆာန်ဖြစ်သည့် ကျားဖြူပြကွက်တို့အပြင် ကမ္ဘာပေါ်၌အလွန်ရှား

စာမျက်နှာ ၁၀ ကော်လံ ၁ သို့ ❑

နေပြည်တော် ဟိုတယ်ဇုန်၌ နိုင်ငံတကာအဆင့်မီ ဟိုတယ်ကြီး (၁၀)ခုကို တည်ဆောက်ပေးထားရာ ဟိုတယ်ဇုန်ကို ဝေဟင်မှ ဤသို့ တွေ့ရသည်။



(12-2)07.pmd 1 2/12/2010, 2:07 AM




(၆၃)နှစ်မြောက် ပြည်ထောင်စုနေ့ ဂုဏ်ပြုဆောင်းပါး

# ရေကိုသား၍ အကြားမထင်သော ချစ်ခင်စည်းလုံး ညီညွတ်မှုဖြစ်သော

**လှိုင်အောင်**

အဆင်အပြင် - နိုင်လင်းကြည်

ရှေးယခင်မှစ၍ ယနေ့ကာလတိုင်အောင် ပြိုကွဲသွားသော နိုင်ငံများ၊ အချင်းချင်း စစ်မီးပွားနေကြသော နိုင်ငံများ၊ ပြည်သူတို့ ဆင်းရဲဒုက္ခရောက်နေကြသော နိုင်ငံများကို ကြည့်လိုက်ပါလျှင် တိုင်းရင်းသားအချင်းချင်း ချစ်ကြည်စည်းလုံးမှုနည်းပါးကာ ဝါးအစည်း ပြေသကဲ့သို့ ဖြစ်နေခဲ့ကြသည်ကို တွေ့နိုင်ပေလိမ့်မည်။

**ပြီးခဲ့သည့် နှစ်ပေါင်းနှစ်ဆယ်ကာလအတွင်း ပြိုကွဲသွားကြသော ယူဂိုဆလားဗီးယားနှင့် ဆိုဗီယက်စသော ပြည်ထောင်စုများ၊ ယနေ့ထက်တိုင် စစ်မီးမငြိမ်းနိုင်သေးသည့် အီရတ်၊ အာဖဂန်နစ္စတန်စသည့် နိုင်ငံများ၊ မကြာသေးမီ နှစ်အနည်းငယ်မှစ၍ ကမ္ဘာ့ပဋိပက္ခနှင့် မတည်ငြိမ်မှု မျက်နှာစာတွင် ရှေ့တန်းသို့ ရောက်လာသော ဆိုမာလီနှင့် ယီမင်စသည့် နိုင်ငံများအားလုံးတွင် ဖရိုဖရဲ ပြိုကွဲအားနည်းမှု၏ အဓိကအကြောင်းတရားမှာ နိုင်ငံသူ၊ နိုင်ငံသား ပြည်ထောင်စုဖွား အချင်းချင်း မသင့်မတင့် စိတ်ဝမ်းကွဲပြားမှုများပင် ဖြစ်သည်မှာ မငြင်းနိုင်သည့် အချက်ပါပေ။**

သို့သော် စာဒကတက်ဖွယ်ရှိသည်မှာ ကမ္ဘာပေါ်၌ အလားတူ လူမျိုးအများအပြားပေါင်းစုနေထိုင်ကြသော ဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံကြီးငယ် အများအပြားရှိနေကြပြီး ထိုနိုင်ငံများ၌မူ အဘယ်ကြောင့် အလားတူ ပြိုကွဲဆင်းရဲတိုက်ခိုက်မှုများ မဖြစ်ပွားကြသနည်းဟူသည့် အချက်ပင်ဖြစ်၏။

မှန်ပါသည်။ ဆွစ်ဇာလန်ကဲ့သို့ အဲ့လ်ပ်တောင်တန်းထိပ်ဖျားမှ နိုင်ငံငယ်ကလေး၌ပင် လူမျိုးလေးမျိုးခန့် စုပေါင်းနေထိုင်ကြခြင်း ဖြစ်၏။ ဆွစ်ဇာလန်သည် စတုရန်းမိုင် ၁၅၉၄၀သာ ရှိသော တောင်ထိပ်နိုင်ငံငယ်ကလေး ဖြစ်၏။ သဘာဝသယံဇာတကို အားကိုး၍မရ၊ လူအရင်းအမြစ်ကိုသာ အားကိုးရ၏။ လူ့အရင်းအမြစ်ဆိုရာ၌လည်း လူအင်အားအရေအတွက်က ဘာမျှမရှိ၊ လူဦးရေ စုစုပေါင်းမှာ ခုနစ်သန်းခန့်သာရှိ၏။ နှိုင်းယှဉ်ပါက ရန်ကုန်မြို့ လူဦးရေထက် အနည်းငယ်သာ ပိုများသည်ဟု ဆိုနိုင်သည်။ ထို့ကြောင့် အရေအတွက်ထက် အရည်အချင်းကိုပို၍ အားကိုးကြရသည်။ သို့တိုင်အောင် နိုင်ငံက ကျဉ်းလှသောကြောင့် နေရာယူသော လုပ်ငန်းကြီးကြီးမားမား မလုပ်နိုင်၊ ဝန်ကျဉ်းကျဉ်းနှင့် ငွေများများရသော လုပ်ငန်းများကိုသာ ရှာကြံလုပ်ကြရ၏။ ကုန်ထုတ်လုပ်မှုတွင် ပစ္စည်းသေးသေးနှင့် တန်ဖိုးကြီးကြီးရသည့် နာရီလုပ်ငန်း၊ စိန်ရတနာလုပ်ငန်းကို လုပ်၏။ ဝန်ဆောင်မှုတွင် အဖိုးသေးသေးနှင့် ငွေများများဝင်သော ဘဏ်လုပ်ငန်းကို လုပ်၏။ ထိုသို့ ကြိုးစားလုပ်ကိုင်ကြမှုကြောင့် တစ်နှစ်လျှင် တစ်နိုင်ငံလုံး ဝင်ငွေ ဒေါ်လာ ဘီလီယံ ၅၀၀ကျော် ရှိပြီး တစ်ဦးကျ ဝင်ငွေ ဒေါ်လာ ၄၃၁၉၅ ရှိ၏။ ကမ္ဘာပေါ်၌ သတ္တမမြောက် အချမ်းသာဆုံးနိုင်ငံဖြစ်လေသည်။ နိုင်ငံရေး၌လည်း တိုက်ရိုက်ဒီမိုကရေစီကို ကျင့်သုံးကာ နိုင်ငံဦးသျှောင်အဖွဲ့အဖြစ် စုပေါင်းခေါင်းဆောင် အုပ်ချုပ်သည့် ထူးထူးခြားခြားနိုင်ငံတစ်ခုဖြစ်၏။ နိုင်ငံတကာ ဆက်ဆံရေး၌ တိကျသော ကြားနေရေးမူဝါဒကို ကျင့်သုံးသည့်အတွက် ကမ္ဘာစစ်ကြီးများကို ရှောင်ရှားနိုင်ခဲ့သည့်အပြင် ကုလသမဂ္ဂသို့ပင် မဝင်သောနိုင်ငံ ဖြစ်လေသည်။ ကုလသမဂ္ဂမဝင်သော်ငြား ဥရောပရှိ ကုလသမဂ္ဂရုံးခွဲကို ဂျီနီဗာ၌ လက်ခံထားရှိပြီး အရေးပါသော နိုင်ငံတကာ အစည်းအဝေးများစွာမှာ ဂျီနီဗာ၌ လာရောက်ကျင်းပကြရသည်။

အမျိုးသားစည်းလုံးညီညွတ်ရေးတွင်လည်း ဆွစ်ဇာလန်သည် ပထမတန်းဖြစ်၏။ ဂျာမန်၊ ပြင်သစ်၊ အီတလီ၊ ရိုမန့် စကားပြောသည့် လူ့အဖွဲ့အစည်းများ အတူတကွ ရောနှောနေထိုင်ကြသော်လည်း လူမျိုးရေး ပဋိပက္ခ၊ လူများစုနှင့် လူနည်းစုပြဿနာဟူ၍ မရှိ၊ ဆွစ်ဇာလန်နိုင်ငံသားများအဖြစ် ခံယူကာ အားလုံးချစ်ကြည်ရင်းနှီးစွာ စည်းစည်းလုံးလုံးနေထိုင်ကြသည်။ ထိုသို့ ချစ်ကြည်စည်းလုံးမှု၏ ပြယုဂ်အတိုင်းအတာကို ဆွစ်ဇာလန်နိုင်ငံ၏ ကာကွယ်ရေးစနစ်ဖွဲ့စည်းပုံ၌ တွေ့မြင်နိုင်သည်။ ဆွစ်ဇာလန်နိုင်ငံ၏ ကာကွယ်ရေးမူဝါဒမှာ ပြည်သူ့စစ်ဖြစ်၏။ ထို့ကြောင့် ပြည်သူ့စစ်မဟာဗျူဟာနှင့်အညီ နိုင်ငံသားတိုင်း စစ်ပညာကို သင်ကြားရကာ နိုင်ငံကို ကာကွယ်သည့် ပြည်သူ့စစ်များ ဖြစ်ကြသည်။ နိုင်ငံတော်က ယင်းပြည်သူ့စစ်များကို ၎င်းတို့၏ ကိုယ်ပိုင်လက်နက်၊ ခဲယမ်း၊ ချပ်ဝတ်တန်ဆာများကိုပါ အိမ်၌ ထိန်းသိမ်းထားရန် ပေးအပ်ထားသည်။ အရေးကြုံ၍ အချက်ပေးလိုက်သည်နှင့် လက်နက်အပြည့်အစုံဖြင့် တပ်များချက်ချင်းဖွဲ့စည်းနိုင်ရန်ဖြစ်သည်။ အချင်းချင်း မညီညွတ်သော နိုင်ငံများ၊ စည်းကမ်းမရှိသော နိုင်ငံများ၌ ထိုသို့သာ အိမ်တိုင်းစေ့ လက်နက်တပ်ဆင်ပေးလိုက်လျှင် အလောင်းချင်းထပ်၍ နေပေလိမ့်မည်။ ထိုသို့ ညီညွတ်ကြ၊ စည်းလုံးကြ၊ စည်းကမ်းရှိကြ၊ ကြိုးစားကြ၊ ထက်မြက်ကြသဖြင့်သာ ဆွစ်ဇာလန်နိုင်ငံသည် အရွယ်ငယ်သော်လည်း ကမ္ဘာ့ထိပ်တန်းနိုင်ငံ ဖြစ်နေခြင်းပင်။

တစ်ဖန် ဆွစ်ဇာလန်နှင့် 'ဆလိမ်' ချင်းတူသော်လည်း ဘဝအခြေအနေချင်း မိုးနှင့်မြေပမာ ဆန့်ကျင်ကွာခြားလှသော ဆိုမာလီနိုင်ငံကို အမှားသရုပ်ပြအဖြစ် တွေ့နိုင်သည်။ ဆိုမာလီသည် ဆွစ်ဇာလန်နှင့် နှိုင်းယှဉ်လျှင် နိုင်ငံအကျယ်အဝန်းနှင့် လူဦးရေပမာဏမှာ မတိမ်းမယိမ်းဖြစ်ပြီး ဆိုမာလီကပင် အနည်းငယ်ပို၍ ကြီးမားသည်။ နိုင်ငံအကျယ်အဝန်းတွင် စတုရန်းမိုင် ၂၄၆၂၀၁ရှိပြီး လူဦးရေမှာ ကိုးသန်းခန့်ရှိသည်။ မဟာဗျူဟာတည်နေရာ အနေအထားခြင်း နှိုင်းယှဉ်ပါက ဆိုမာလီသည် ကမ္ဘာ့အလယ်ဗဟို ရေကြောင်းသွားလာမှု၏ အချက်အချာဖြစ်သော စူးအက်တူးမြောင်းနှင့် ဆက်နေသည်။ ပင်လယ်နီထိပ်ဝ၊ အာဖရိကအရှေ့ဘက်အစွန်း ဦးချိုဒေသတွင်ရှိပြီး ဥရောပအလယ် တောင်ထိပ်ပေါ်မှ ကုန်းတွင်းပိတ်ဖြစ်သော ဆွစ်ဇာလန်ထက်များစွာပို၍ အရေးပါသည့် အကွက်အကွင်းနေရာဖြစ်သည်။ ရာသီဥတုအရ ဆိုပါမူကား ဆိုမာလီက ခြစ်ခြစ်တောက်ပူသည့် အာဖရိက ကန္တာရတစ်ပိုင်းဒေသဖြစ်၍ ဆွစ်ဇာလန်က ခိုက်ခိုက်တုန် အောင်အေးပြီး နှင်းထူထပ်စွာ ဖုံးအုပ်လေ့ရှိသော သမအေးပိုင်း ဒေသအဖြစ် ဆန့်ကျင်ဘက် ဝိရောဓိများဖြစ်ကြသည်။

သို့သော် ကံကြမ္မာက ဆိုမာလီကို မျက်နှာသာမပေးခဲ့။ ကိုလိုနီခေတ်တွင် ရေကြောင်းမှ နယ်ချဲ့လာသော ဗြိတိသျှတို့ကို ကာလရှည်လျားစွာ အပြင်းအထန်ခုခံခဲ့ပြီး နောက်ဆုံးတွင် ကျွန်ဖြစ်ခဲ့ရသည်။ တစ်ဖန် အီတလီတို့ကလည်း ဆိုမာလီမြောက်ခြမ်းကို ခွဲဝေရယူသိမ်းပိုက်ခဲ့ပြန်သည်။ ၁၉၆၀ခုနှစ်တွင် လွတ်လပ်ရေးရပြီး ကိုလိုနီနှစ်ပိုင်းပေါင်းစည်းကာ ဆိုမာလီမှာ နိုင်ငံအဖြစ်ရပ်တည်နိုင်ချိန်၌လည်း အရှေ့နှင့်အနောက် စစ်အေးတိုက်ပွဲအတွင်း ကြားညပ်ပါဝင်ကာ ဆိုမာလီနှင့် အီသီယိုးပီးယားတို့အကြား စစ်ပွဲများ ဖြစ်ခဲ့သည်။ စစ်အေးတိုက်ပွဲနောက်ပိုင်းကာလ၌မူ လူမျိုးစုအချင်းချင်း စိတ်ဝမ်းကွဲပြားကာ စစ်အေးတိုက်ပွဲ ကာလအတွင်းက မတန်မဆ တပ်ဆင်ထားခဲ့သော လက်နက်များဖြင့် အချင်းချင်းအုပ်စုဖွဲ့ တိုက်ခိုက်ကြတော့သည်။ ဆိုမာလီယာ၌ ဆိုမာလီ လူမျိုး ၈၅ ရာခိုင်နှုန်းနှင့် ကျန်တိုင်းရင်းသားများဖြစ်သည့် ဘီနာဒီရီ၊ ဘရာဗာနီးစ်၊ ဘန်တူ၊ ဘာဂျူနီ စသည့်လူမျိုးစု အနည်းငယ်စီရှိသော်လည်း လူများစု ဆိုမာလီများအတွင်း၌ပင် ဟာဝီ၊ တာနိတ်၊ အစ်ဆက်၊ ဒူလ်ဘာ ဟန်တီ၊ ဝါရန်ဂလီ စသည်ဖြင့် ဆွေမျိုးစုများ ကွဲပြားကာ ရှေးယခင်ကပင် သောက်သုံးရေ/ စိုက်ပျိုးရေးအလို့ငှာ၊ စားကျက်အလို့ငှာ ပိုင်နက်လုရင်း ဓားလှံလေးမြားတို့ဖြင့် တိုက်ခိုက်ခဲ့ကြသည့် အစဉ်အလာရှိခဲ့သည်။ စစ်အေး နောက်ပိုင်း၌မူ မောင်းပြန်ရိုင်ဖယ်များ၊ ဒုံးပစ်လောင်ချာများဖြင့် တိုက်ခိုက်လာခဲ့ကြလေရာ စစ်ဒဏ်ကြောင့် လည်းကောင်း၊ အငတ်ဘေးကြောင့်လည်းကောင်း ၁၉၉၁-၁၉၉၂ ခန့်တွင် လူသုံးသိန်းခန့် သေဆုံးခဲ့ရသည်။ ထို့နောက် အမေရိကန်တို့၏ အကူအညီဖြင့် ကုလသမဂ္ဂကအကူအညီပေးရန် ဝင်ရောက်ခဲ့သော်လည်း ဆွေမျိုးချင်း စစ်ပွဲကို မီးလောင်ရာလေပင့် ဖြစ်ကာ အမေရိကန်တပ်များပင် အရှက်တကွဲ အကျိုးနည်း ဆုတ်ခွာခဲ့ကြရသည်။

ထိုအချိန်မှစ၍ ဆိုမာလီသည် မင်းမဲ့တိုင်းပြည်တစ်ပြည်သဖွယ် ဖြစ်နေလေတော့သည်။ အီသီယိုးပီးယား တပ်ဖွဲ့များ၊ အာဖရိကတပ်ဖွဲ့များ၊ အမေရိကန်လေတပ်မှ ဝင်ရောက်ဗုံးကြဲမှုများ စသည်ဖြင့် ပြင်ပမှ ဝင်ရောက်စွက်ဖက် ပါဝင်မှုများမှာလည်း ပြည်တွင်း၌ ငြိမ်းချမ်းရေးရအောင် မတက်နိုင်။ နှစ်ရှည်လများ ဥပဒေမဲ့ နေထိုင်လာရသောအခါ ဆိုမာလီနိုင်ငံသားတို့သည် ရနိုင်သောပစ္စည်း၊ ရနိုင်သောနည်းလမ်းတို့ဖြင့် ဘဝရှင်သန်ရပ်တည်ရေးအတွက် လုပ်ကိုင်လာကြရသောအခါ ပင်လယ်နီထိပ်ဝမှ ဆိုမာလီပင်လယ်ဓားပြများအဖြစ် နာမည်ဆိုးနှင့် ကမ္ဘာကျော်လာကြလေတော့သည်။

**၎င်းဥပမာနှစ်ခုကို နှိုင်းယှဉ်ကြည့်ခြင်းဖြင့် နိုင်ငံကြီးသည်/ငယ်သည်မဟူ၊ နိုင်ငံသား၊ တိုင်းရင်းသား လူမျိုးစုတို့၏ ချစ်ကြည်စည်းလုံးညီညွတ်မှု မည်မျှအရေးကြီးသည်ကို တွေ့နိုင်ပါ၏။ ပြည်ထောင်စုမြန်မာနိုင်ငံသည်လည်း တိုင်းရင်းသားလူမျိုးစုပေါင်း ၁၀၀ ကျော်ဖြင့် ဖွဲ့စည်းတည်ဆောက်ထားသော နိုင်ငံဖြစ်သည်။ ရှေးအစဉ်အဆက်က တိုင်းရင်းသားပြည်သူချင်း အေးအတူပူအမျှ အတူတကွနေထိုင်လာခဲ့ကြရာမှ ကိုလိုနီလက်ထက်တွင် ပထဝီဝင် သဘာဝမြေအနေအထား ခက်ခဲကြမ်းတမ်းမှုကြောင့် သွားလာဆက်ဆံထိတွေ့မှု အခက်အခဲများကို နယ်ချဲ့တို့က လက်နက်အဖြစ်အသုံးချကာ တိုင်းရင်းသားများအကြား၌ ပိုင်းခြားထားသည့် တံတိုင်းကြီးလေးခုကို တည်ဆောက်ခဲ့သည်။**

ယင်းတံတိုင်းကြီးလေးခုအနက် ပထမတံတိုင်းမှာ အုပ်ချုပ်ရေး တံတိုင်းဖြစ်သည်။ ပြည်နယ်ရှိတောင်တန်းဒေသများနှင့် မြေပြန့်ဒေသတို့ကို ဘုရင်ခံတိုက်ရိုက်အုပ်ချုပ်သည့် ဇယားဝင်ဒေသများနှင့်

**သံသယတို့ကို အမုန်ဘဝနားလည်မှုတို့ဖြင့် အစားထိုး၍ အာဃာတကို မေတ္တာ၊ စေတနာအဖြစ် ပြောင်းလဲကာ အချင်းချင်း သေနတ်ပြောင်းလှည့်ခဲ့ရာမှ လက်ချင်းတွဲဆက် ရင်ချင်းအပ်ခဲ့ပြီ။ ရှေးယခင်က နယ်ချဲ့တို့၏ ယုတ်မာကောက်ကျစ်စွာ တည်ဆောက်ထားခဲ့သော တံတိုင်းတို့ကိုလည်း နိုင်ငံတော်၊ တိုင်းရင်းသားပြည်သူများနှင့် တပ်မတော်တို့ စည်းလုံးညီညာစွာ ဖြိုဖျက်ခဲ့ကြရာ ယခုအခါ နိုင်ငံတစ်နံတစ်လျား၌ အောင်မြင်မှုများကို မျက်ဝါးထင်ထင် တွေ့မြင်လာခဲ့ရလေပြီ။**



❑ စာမျက်နှာ ၇ မှ

ပါးပြီး မျိုးသုဉ်းပျောက်ကွယ်သွားတော့မည့် အခြေအနေနှင့် ရင်ဆိုင်နေရသော တောရိုင်းတိရစ္ဆာန်ပြကွက်များလည်း စုစည်းတင်ပြထားရာ ယခင်က ရုပ်ရှင်ထဲမှအပ မြင်ခွင့်မရခဲ့သော ရှားပါးတိရစ္ဆာန်များကို မြင်တွေ့နိုင်ကြပြီဖြစ်သည်။

တိရစ္ဆာန်ဥယျာဉ်နှင့် တစ်ဆက်တည်းမှာပင် ကျောင်းသားလူငယ်များနှင့် ပြည်သူလူထုအား နက္ခတ်တာရာ သိပ္ပံဆိုင်ရာ ဗဟုသုတများ တိုးပွားလာစေရေး၊ ပညာပေးရေးနှင့် အပန်းဖြေနိုင်ရေးတို့ကို ရည်ရွယ်လျက် နက္ခတ်တာရာပြခန်း(နေပြည်တော်)ကို ၂၀၀၉ ခုနှစ် မတ်လ ၂၆ ရက်နေ့မှစ၍ ဖွင့်လှစ်ခဲ့သည်။ နက္ခတ်တာရာပြခန်းအတွင်း ကျွန်ုပ်တို့နေထိုင်ရာ ကမ္ဘာဂြိုဟ်အပါအဝင် ဂြိုဟ်များအကြောင်းနှင့် စကြဝဠာအတွင်းမှ ထူးခြားအံ့သြဖွယ်ရာများကိုလည်းကောင်း၊ ထူးဆန်းထွေလာ ရေအောက်ကမ္ဘာမြင်ကွင်းများကို လည်းကောင်း၊ Computer Animation နည်းပညာ အသုံးပြုထားသည့် နောက်ဆုံးပေါ် နက္ခတ်တာရာပြစက်များဖြင့် ပြသပေးလျက်ရှိရာ ရင်သပ်ရှုမောဖြစ်ရလောက်အောင် ကြည့်ရှုနိုင်မည်ဖြစ်သည်။

ထို့အပြင် နေပြည်တော်တွင်နေထိုင်သူ တိုင်းရင်းသား ပြည်သူလူထုအပါအဝင် လာရောက်လေ့လာသူ ပြည်တွင်းပြည်ပ ဧည့်သည်တော်များအနေဖြင့် တပ်မတော်အစိုးရလက်ထက်ပြောင်းလဲတိုးတက်လာမှုများနှင့် ပြည်ထောင်စုတစ်ဝန်းလုံးရှိ တိုင်းရင်းသားလူမျိုးတို့၏ အထိမ်းအမှတ် အဆောက်အအုံများ၊ ရိုးရာဓလေ့များကို တစုတဝေးတည်း အချိန်တိုအတွင်း လေ့လာသိရှိနိုင်ရန်အတွက် အမျိုးသားအထိမ်းအမှတ်ဥယျာဉ် (နေပြည်တော်)ကို ဇေယျာသီရိမြို့ ရေဆင်းဆည်အနီး သိုက်ချောင်းလမ်းနံဘေးတွင် တည်ဆောက်ထားသည်။ ဤဥယျာဉ်၏ ပြကွက်များက တိုင်းရင်းသားပြည်သူတို့အတွင်း ယဉ်ကျေးမှုချင်းဆက်နွှယ်ခံစား နိုးကပ်စေနိုင်မည်ဖြစ်ပြီး ပြည်ထောင်စုစိတ်ဓာတ်ကိုလည်း တိုးတက်ရင့်သန်ခိုင်မာစေမည် ဖြစ်သကဲ့သို့ အကြောင်းအရာမျိုးစုံဖြင့် လာရောက်ကြသည့် ပြည်ပဧည့်သည်များကိုလည်း ပြည်ထောင်စုကြီး၏ နှစ်ပရိစ္ဆေဒ ရှည်ကြာသောကာလကတည်းက ရင့်ကျက်ခိုင်မာစွာဖြစ်တည်ခဲ့မှုကို သက်သေပြပေလိမ့်မည်။

နိုင်ငံတော်၏ လူမှုရေးဦးတည်ချက် (၄)ရပ်မှ "တစ်မျိုးသားလုံးကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး"ဟူသည့် ဦးတည်ချက်အတိုင်း နေပြည်တော်သူ၊ နေပြည်တော်သားတို့ ကျန်းမာကြံ့ခိုင်စေရေးအတွက် နှစ်သက်ရာအားကစားနည်းများကို လေ့ကျင့်ဆောင်ရွက်နိုင်ရန် ဘောလုံးကွင်းလေးကွင်း၊ ဘတ်စကက်ဘောလေးကွင်း၊ ဘော်လီဘောလေးကွင်း၊ တင်းနစ်ကွင်း ခြောက်ကွင်းတို့ကို ဆောက်လုပ်ပေးထားသည့်အပြင် ဘိလိယက်၊ ဘိုးလင်းအားကစားရုံများကိုလည်း တည်ဆောက်ပေးထားသည်။ ၎င်းပြင် ဇမ္ဗူသီရိမြို့တွင် ပရိသတ် ၃၀၀၀၀ ဆံ့ ဇမ္ဗူသီရိအဆင့်မြင့်အားကစားကွင်းနှင့် ဇေယျာသီရိမြို့တွင် ပရိသတ် ၃၀၀၀၀ဆံ့ ဇေယျာသီရိ အဆင့်မြင့် အားကစားကွင်းတို့ကိုတည်ဆောက်လျက်ရှိရာပြီးစီးပါက အရှေ့တောင်အာရှအားကစားပြိုင်ပွဲများအပါအဝင် နိုင်ငံတကာအားကစားပြိုင်ပွဲများကို လက်ခံကျင်းပနိုင်မည်ဖြစ်သည်။

နေပြည်တော်တွင်နေထိုင်သူ ပြည်သူများ စားဝတ်နေရေးအတွက် လိုအပ်သည့် ကုန်ပစ္စည်းများ၊ အသုံးအဆောင်များ လွယ်လင့်တကူ ဝယ်ယူနိုင်ရေးအတွက် ဈေးများကိုလည်း တည်ဆောက်ပေးထားပေရာ နေပြည်တော်မြို့မဈေး၊ သပြေကုန်းဈေး၊ သီရိရတနာအဆင့်မြင့်ဈေး၊ မင်္ဂလာဈေး၊ အာဟာရသုခဈေးတို့တွင် ရောင်းဝယ်ဖောက်ကား စည်ကားနေသကဲ့သို့ မူလရှိပြီး ဈေးတို့ကိုလည်း အဆင့်မြှင့်တင်ဆောင်ရွက်လျက်ရှိသည်။ အာဟာရသုခဈေးကား အံ့မခန်းဖွယ်ရာ ညလုံးပေါက်ဖွင့်လှစ် ရောင်းချသောဈေးပင်ဖြစ်သည်။ ပုဗ္ဗသီရိမြို့နှင့် ဥတ္တရသီရိမြို့တို့တွင် ဈေးသစ်ကြီးများတည်ဆောက်ပေးလျက်ရှိသကဲ့သို့ နေပြည်တော် Junction Centreနှင့် ဇေယျာသီရိကုန်ပဒေသာတိုက်တို့ကလည်း နိုင်ငံတကာမှဈေးဆိုင်ကြီးများနည်းတူ တစ်နေရာတည်းတွင် လိုသမျှ တစ်ထိုင်တည်းရရှိနိုင်ရေး ပြည့်စုံစွာ ခင်းကျင်းရောင်းချပေးလျက်ရှိရာ နေပြည်တော်သူ၊ နေပြည်တော်သားတို့အဖို့ ကြောင့်ကြမရှိ နှလုံးပီတိ ဂွမ်းဆီထိဖြစ်ရတော့သည်။ ဈေးဝယ်ရုံမျှမက အချိန်ပိုကလေးများရှိလျှင်သော်လည်းကောင်း၊ တစ်စုံတစ်ရာကို စောင့်ဆိုင်းရန်ရှိလျှင်သော်လည်းကောင်း ထိုဈေးအဆောက်အအုံအတွင်း ပါဝင်ဖွဲ့စည်းထားသည့် အဆင့်မြင့်ရုပ်ရှင်ရုံများတွင် အပန်းဖြေကြည့်ရှုနိုင်ပေရာ နေပြည်တော်သားတို့ ခေတ်တစ်ခေတ်ကို ကျော်ဖြတ်နိုင်ခဲ့ကြပြီဖြစ်သည်။ ထိုမျှမက ပြည်ထောင်စုမြန်မာနိုင်ငံ စီးပွားရေးဦးပိုင်လီမိတက်က တည်ဆောက်လျက်ရှိသည့် Capital Hypermarket (Nay Pyi Taw) ပြီးစီးခဲ့ပါမူ အနယ်နယ်အရပ်ရပ်မှ ဈေးလာဝယ်သူများဖြင့် စည်ကားသထက်စည်ကားမည့် အနာဂတ်နေပြည်တော် မြင်ကွင်းကား ကြည်နူးပီတိဖြစ်ဖွယ်ရာ အတိတည်း။

ထိုသို့ နေပြည်တော်သူ၊ နေပြည်တော်သားတို့ ပြည့်စုံစေရန် ဆောင်ရွက်ပေးရုံမျှနှင့်မပြီး ခရီးတစ်ထောက်လာရောက်လည်ပတ်ကြသော နိုင်ငံတကာမှ ဧည့်သည်များ၊ နိုင်ငံတော်အစီအစဉ်ဖြင့် ရောက်လာကြသည့် ဧည့်သည်တော်များ၊ ပွဲလမ်းသဘင်တက်ရောက်ရန် ခဏတာလာရောက်ကြသည့် အနယ်နယ်အရပ်ရပ်မှ တိုင်းရင်းသားညီအစ်ကို မောင်နှမများ တည်းခိုအနားယူရာတွင် အဆင်ပြေစေရန်အတွက် ဟိုတယ်ဇုန်တစ်ခု သတ်မှတ်စီစဉ်ပေးခဲ့ရာ နိုင်ငံတော်၏ စေတနာအပေါ် ဖြည့်ဆည်းသည့်အနေဖြင့် တိုင်းရင်းသားလုပ်ငန်းရှင်ကြီးများက ရွှေနန်းတော်၊ ရွှေမြန်မာ၊ ရွှေဧည့်သည်၊ သင်္ဂဟ၊ မြတ်တော်ဝင်၊ အမရ၊ ရွှိုင်ရယ်ကုမုဒြာ၊ Mount Pleasant နှင့် ရတနာသိယ်တို့ အပါအဝင် နိုင်ငံတကာအဆင့်မီ ဟိုတယ်ကြီး ၁၀ ခုကို တည်ဆောက်ဖွင့်လှစ်ခဲ့ပြီးဖြစ်သည်။ ယင်းဟိုတယ်များအနက်မှ နေပြည်တော် ဥတ္တရသီရိမြို့အနီး ပင်လယ်ရေမျက်နှာပြင်အထက် အမြင့်ပေ ၁၆၀၀ ကျော်တွင်ရှိသည့် ဖိုးဇောင်တောင်ပေါ်တွင် တည်ဆောက်ဖွင့်လှစ်ခဲ့ပြီးဖြစ်သည့် နိုင်ငံတကာအဆင့်မီ Mount Pleasant ဟိုတယ်ကြီးကား နေပြည်တော် ပတ်လည်ရှုခင်းအလှကို အေးမြသည့်လေပြေရနံ့ကို ရှူရှိုက်ရင်းဖြင့် ပီပြင်စွာအနားယူခြင်းအရသာကို ခံစားသုံးသပ်နိုင်မည့် ဟိုတယ်ကြီးပင်ဖြစ်ပေသည်။ ထိုမျှမက နောက်ထပ်ဟိုတယ်ကြီးရှစ်ခုကိုလည်း ဆက်လက်တည်ဆောက်လျက်ရှိရာ မကြာမီ အလှချင်းပြိုင်ကြပေဦးတော့မည်။ ထို့ပြင် နေပြည်တော်သို့ ပြည်တွင်းမှလာရောက်ကြသည့် ဝန်ထမ်းဧည့်သည်များ၊ လူလတ်တန်းစားဧည့်သည်များနှင့် ခွေတာခြိုးခြံလိုသူများအတွက်လည်း ဆန္ဒပြည့်ဝ ငွေကြေးကုန်ကျမှုသက်သာစေရန် နေပြည်တော် စည်ပင်သာယာရေးကော်မတီ ဧည့်ရိပ်သာကို အခန်းအဆောင်ပေါင်းများစွာဖြင့် တည်ဆောက်ဖြည့်ဆည်းပေးထားရာ ချိုသာပြီး သင့်တင့်သောဝန်ဆောင်မှုတို့ဖြင့် စိတ်ကျေနပ်မှုရကြသော ဧည့်သည်များကား နှစ်ထောင်းအားရပုံဖြင့် အပြုံးလှတို့ဝင်းပနေကြတော့သည်။ ရှားပါးလှသော ဤဝန်ဆောင်မှုမျိုးကား နေပြည်တော်၏ သမိုင်းမှတ်တိုင်များအနက်မှ ထင်ရှားမှုတစ်ခုပင်ဖြစ်ပေမည်။ စီစီရီရီဖြင့် သွယ်တန်းလှပသော ဤဧည့်ရိပ်သာ အပါအဝင် နေပြည်တော်ရှိ ဟိုတယ်များ၊ အဆောက်အအုံများကား မြန်မာအင်ဂျင်နီယာနှင့် ဗိသုကာပညာရှင်တို့၏ လက်စွမ်းဖြင့် ရိုးရာတွင် မော်ဒန်သန်းကာ အံ့မခန်းလှပပါပေကြောင်း နိုင်ငံတကာမှ လာရောက်ကြသည့် ဧည့်သည်တို့ကပင် မှတ်ချက်ပြုခဲ့ကြတော့သည်။



**နေပြည်တော် ဒက္ခိဏသီရိမြို့၌ တည်ဆောက်လျက်ရှိသည့် Myanmar International Covention Centre ကို တွေ့ရစဉ်။**

ခေတ်မီမြို့တော်ကြီးတစ်ခုတွင် မပါမဖြစ်ပါဝင်ရမည့် လုပ်ငန်းတစ်ခုကား ဘဏ်လုပ်ငန်းပင်တည်း။ မြို့တော်အဆင့်မြင့်လာသည်နှင့်အမျှ ရောင်းရေးဝယ်တာ ငွေပေးချေမှုတို့တွင်လည်းကောင်း၊ ငွေလွှဲငွေထုတ်လုပ်ငန်းများတွင်လည်းကောင်း ပမာဏကြီးမားလာပေရာ ဘဏ်စနစ်က စနစ်တကျ ဝန်ဆောင်မှုပေးနိုင်ပေသည်။ သို့ဖြစ်ရာ နေပြည်တော်တွင်လည်း ကြီးမားခံ့ထည်ပြီး ခေတ်မီလှပသော ဒီဇိုင်းပုံစံ နှင့် ဆောက်လုပ်ထားသည့် မြန်မာ့စီးပွားရေးဘဏ်၊ မြဝတီဘဏ်လီမိတက်၊ စည်ပင်သာယာရေးဘဏ်လီမိတက်နှင့် မြန်မာ့စက်မှုလက်မှု ဖွံ့ဖြိုးရေးဘဏ်တို့မှ လုပ်ငန်းများလည်ပတ်လျက်ရှိသကဲ့သို့ မွေးမြူရေးနှင့်ရေလုပ်ငန်းဘဏ်၊ မြန်မာနိုင်ငံသားများဘဏ်၊ ကမ္ဘောဇဘဏ်၊ မြန်မာအရှေ့တိုင်းဘဏ်၊ ပထမပုဂ္ဂလိကဘဏ်၊ ထွန်းဖောင်ဒေးရှင်းဘဏ်တို့ကိုလည်း တည်ဆောက်ဆဲဖြစ်သည်။ မြန်မာ့စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကား နေပြည်တော်မှ ဤမည်သောဘဏ်တို့ကို ဖြတ်သန်းကာ အရှိန်အဝါကြီးသည့် ခေတ်တစ်ခေတ်ကို ဖြစ်ထွန်းလာပေဦးတော့မည်။

နေပြည်တော်ကား ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီး၏ မြို့တော်ပင်ဖြစ်ပေရာ နိုင်ငံတကာဆွေးနွေးပွဲများ၊ အစည်းအဝေးများ၊ Seminar များ၊ စာတမ်းဖတ်ပွဲများ၊ အထိမ်းအမှတ်အခမ်းအနားများကို လက်ခံကျင်းပရန် အသင့်ဖြစ်ရပေမည်။ သို့ဖြစ်၍ ဒက္ခိဏသီရိမြို့တွင် Myanmar International Convention Centre ကို တည်ဆောက်လျက်ရှိရာ မကြာမီကာလအတွင်း ပြီးစီးတော့မည်ဖြစ်သည်။ ဤကြီးကျယ်ခမ်းနားလှသော အဆောက်အအုံကြီးကို အကြောင်းပြုလျက် အနာဂတ်ကာလ နေပြည်တော်ကား နိုင်ငံတကာမှ ဆွေးနွေးပွဲလာ ရွှေဧည့်သည်များဖြင့် လှုပ်ရှားသက်ဝင်နေပေတော့မည်။

ထိုသော နိုင်ငံတကာဧည့်သည်များ စိတ်ဝင်စားဖွယ်ရာ ဇမ္ဗူသီရိမြို့ ဟိုတယ်ဇုန်အနီးတွင်တည်ရှိသည့် မြန်မာ့ကျောက်မျက်ရတနာပြတိုက် (Gem Museum) ကြီးကား နေပြည်တော်၏ ကျက်သရေဆောင်အဖြစ် တင့်တယ်ခံ့ညားစွာ တည်ရှိနေသည်။ ခေတ်မီဆန်းကြယ်သော ဒီဇိုင်းနှင့် လှပဆန်းသစ်သော အသွင်အပြင်တို့အပြင်၊ ကြီးမားကျယ်ပြန့်လှသော နံရံမှန်ချပ်ကြီးများနှင့် အတွင်းတိုင်လုံးမပါဘဲ ဖွဲ့စည်းထားသည့် ကျယ်ပြန့်လှစွာသော အပေါ်ထပ်ခန်းမကြီးက ဗိသုကာတစ်ခေတ်ကို စိန်ခေါ်တက်လှမ်းခဲ့တော့သည်။ အတွင်း၌ကား မြန်မာ့မြေပေါ်မှလွဲ၍ ကမ္ဘာ့မည်သည့်နေရာတွင်မျှ ရှာမတွေ့နိုင်လောက်အောင်ရှားပါးသည့် ပတ္တမြား၊ နီလာအစရှိသည့် ကျောက်မျက်ရတနာများ၊ အရည်အသွေးမြင့်ပြီး တန်ဖိုးကြီးမားလှသည့်ကျောက်စိမ်းများနှင့် မြန်မာ့အကြီးဆုံးပုလဲအား ခင်းကျင်းပြသထားသည်။ အပေါ်ထပ်အားပြခန်းအဖြစ် ခင်းကျင်းထားပြီး အောက်ထပ်ကို ကျောက်မျက်ရတနာ အရောင်းဆိုင်များဖြင့် ဖွဲ့စည်းထားရာ နေပြည်တော်သို့လာရောက်သူ ပြည်တွင်း ပြည်ပဧည့်သည်များအနေဖြင့် မြန်မာ့အဖိုးတန် ကျောက်မျက်ရတနာများအကြောင်းကို ဤကျောက်မျက်ရတနာပြတိုက်ကြီးတွင် စေ့စေ့ပေါက်ပေါက် အချိန်ယူလေ့လာနိုင်သကဲ့သို့ ဆန္ဒရှိလျှင် တစ်ပါတည်းဝယ်ယူသွားနိုင်သော အခွင့်အလမ်းကို ရရှိကြပြီဖြစ်သည်။ ထို့အတူ ကျောက်မျက်ရတနာ ပြတိုက်ကြီး၏ အနီး၌ပင် နိုင်ငံတကာအဆင့်မီ ခေတ်မီသေသပ်လှပသော ဒီဇိုင်းပုံစံဖြင့် မဏိရတနာကျောက်စိမ်းခန်းမ (Emporium Hall) ကိုလည်း တည်ဆောက်နေပြီဖြစ်ရာ နိုင်ငံတကာမှ မြန်မာ့ရတနာချစ်သူများအတွက် စိတ်ချမ်းမြေ့ဖွယ် သတင်းကောင်းသာ ဖြစ်တော့သည်။



**နေပြည်တော် ဇမ္ဗူသီရိမြို့ ဟိုတယ်ဇုန်အနီးတွင် တည်ရှိသည့် မြန်မာ့ကျောက်မျက်ရတနာပြတိုက် (Gem Museum) ကို တွေ့ရစဉ်။**

နေပြည်တော်ကို နိုင်ငံတော်၏ မြို့တော်အင်္ဂါရပ်နှင့်အညီ အဆင့်မြှင့်တင်ဆောင်ရွက်လျက်ရှိရာတွင် နေပြည်တော်သို့ လာရောက်သူ ဂုဏ်သရေရှိ ဧည့်သည်တော်များနှင့် ဒေသတွင်း ဂေါက်သီးရိုက်ဝါသနာရှင်များအတွက် နိုင်ငံတကာအဆင့်မီဂေါက်ကွင်းများ ဖောက်လုပ်ပေးထားရာ ၁၈ ကျင်းစီပါဝင်သည့် နေပြည်တော်ဂေါက်ကွင်း၊ မြို့တော်ဂေါက်ကွင်း၊ ရေပြာဂေါက်ကွင်းတို့နှင့် ကိုးကျင်းစီပါဝင်သည့် ပေါင်းလောင်းဂေါက်ကွင်း၊ ရေဆင်းဂေါက်ကွင်းစသည့် ဂေါက်ကွင်းများ၊ မြို့တော်ဂေါက်သီးရိုက်လေ့ကျင့်ရေးကွင်း၊ Royal Myanmar ဂေါက်သီးရိုက်လေ့ကျင့်ရေးကွင်း စသည့်လေ့ကျင့်ရေးကွင်းများ တည်ရှိနေပေသည်။ ထို့ပြင် နေပြည်တော် ဇမ္ဗူသီရိမြို့တွင် (၃၆)ကျင်းပါဝင်သည့် Royal Myanmarအဆင့်မြင့်ဂေါက်ကွင်းကို လည်းကောင်း၊ ဒက္ခိဏသီရိမြို့တွင် (၁၈)ကျင်းပါဝင်သည့် ရန်အောင်မြင်ဂေါက်ကွင်းကိုလည်းကောင်း တည်ဆောက်လျက်ရှိရာ နေပြည်တော်အလှကို ဂေါက်ကွင်းတို့၏ မြက်ခင်းစိမ်းမြမြတို့က တန်ဆာဆင်လျက် စိမ်းစိုသစ်လွင်စေတော့သည်။ ဤဂေါက်ကွင်းများတွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဖလား ဂေါက်သီးရိုက်ပြိုင်ပွဲနှင့် နေပြည်တော်မဟာသင်္ကြန် Tour Golf Cup ပြိုင်ပွဲကြီးများ အပါအဝင် နိုင်ငံတော်အဆင့်ပြိုင်ပွဲများကို နှစ်စဉ်ကျင်းပလျက်ရှိရာ ဤပြိုင်ပွဲများမှနေ၍ နိုင်ငံ့ဂုဏ်ဆောင် ကမ္ဘာ့ဆုကြေးစားဝင် ဂေါက်သီးရိုက်အားကစားသမားများ ထွက်ပေါ်လာမည်ဟုဆိုလျှင် မည်သူကငြင်းနိုင်ပါအံ့နည်း။

နေပြည်တော်မှ ပြည်သူတို့အပါအဝင် တိုင်းရင်းသားပြည်သူအားလုံးတို့က စိတ်နှလုံးပြည့်ဝစွာဖြင့် ၉၂ ဒသမ၄၈ ရာခိုင်နှုန်းတိုင်အောင် အနာဂတ်မြော်တွေး ဆန္ဒမဲပေးခဲ့ကြသည့် ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ဖြစ်တည်လာတော့မည့် အနာဂတ်ဒီမိုကရေစီ နိုင်ငံတော်အတွက် ခံ့ညားဝင့်ထည်သော လွှတ်တော်အဆောက်အအုံကြီးကလည်း နေပြည်တော် ဇမ္ဗူသီရိမြို့တွင် ငွားငွားစွင့်စွင့်နှင့် အသင့်ဖြစ်နေပြီကို တွေ့မြင်ရပေသည်။ ဆန်းပြားသည့် ဗိသုကာလက်ရာ အနုစိတ်လှသည့် မြန်မာမှုအနုပညာလက်ရာတို့ဖြင့် လွှတ်တော်အဆောက်အအုံကြီးကား ကမ္ဘာတစ်ခွင်ပေါ်လွင်လာတော့မည့် မြန်မာ့အားအင်ကို ဖော်ပြနေသကဲ့သို့ပတ်ဝန်းကျင်တစ်ခွင်လုံးကိုအုပ်စည်းလျက် ပေါ်ထွက်လာပေရာ အနာဂတ်ဒီမိုကရေစီ နိုင်ငံတော်ကြီးအတွက် အသင့်ဖြစ်နေသော နေပြည်တော်၏ ဖွံ့ဖြိုးမှုအနှစ်သာရကို သူကပင်ပေါင်းချုပ်ဖော်ပြနေသလိုရှိတော့သည်။

နေလုံးကြီးကား အမှောင်ရိပ်တို့ကို ဖျောက်ရင်း အနွေးဓာတ်နှင့် အလင်းရောင်ကို ပူးတွဲမျှဝေလျက် တဖြည်းဖြည်း မြင့်တက်လာခဲ့ပေပြီ။ ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီးသည်လည်း ထိုနည်းတူ အဖျက်အမှောင့် မှောင်ရိပ်တို့ကို ပြည်ထောင်စုစိတ်ဓာတ်ဖြင့် လင်းရောင်ခြယ်ပျက်ပြယ်စေခဲ့ပေပြီ။ ထိုလင်းရောင်ခြယ် ယန္တရားကြီးကား ဖွံ့ဖြိုးမှုများစုစည်းရာ နေပြည်တော်ကို ဗဟိုပြုလျက် ပြည်ထောင်စုသား ညီနောင်ဖွားတို့ တည်ထောင်ပြုသည့်ပြည်ထောင်စုကြီးကို ဖွံ့ဖြိုးမှုလမ်းကြောင်းပေါ်သို့ မောင်းနှင်ရှေးရှုနေသည်မှာ ထင်ရှားလှပါကြောင်း အတွေးဝတ်စုံကို ဆင်ယင်လျက် အိမ်သို့အပြန်ခရီးနှင်ခဲ့မိပါတော့သည်။ ။



**နေပြည်တော်ရှိ လမ်းဆုံအဝိုင်းကြီး ကိုးခုအနက်မှ အင်ကြင်းပန်းအဝိုင်းကို ပန်းမျိုးစုံဝေဆာလျက် ဤသို့တွေ့ရသည်။**

# ကမ္ဘာ့လူတုပ်ကွေးကပ်ရောဂါဖြစ်ပွားမှု ကာကွယ်ထိန်းချုပ်ရေး ညှိနှိုင်းအစည်းအဝေး ကျင်းပ

**နေပြည်တော်　　ဖေဖော်ဝါရီ　　၁၁**

ကမ္ဘာ့လူတုပ်ကွေးကပ်ရောဂါ Pandemic (H1N1) 2009 ဖြစ်ပွားမှု ကာကွယ်ထိန်းချုပ်ရေး ညှိနှိုင်းအစည်းအဝေးကို ယမန်နေ့နံနက် ၁၀ နာရီခွဲတွင် နေပြည်တော်ရှိ ကျန်းမာရေးဦးစီးဌာနအစည်းအဝေးခန်းမ၌ ကျင်းပရာ ကူးစက်ရောဂါတိုက်ဖျက်ရေး ဗဟိုကော်မတီအတွင်းရေးမှူး ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြဦး တက်ရောက်၍ အဖွင့်အမှာစကား ပြောကြားသည်။

အဆိုပါအစည်းအဝေးသို့ ကျန်းမာရေးဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယ ညွှန်ကြားရေးမှူးချုပ်များ၊ ညွှန်ကြားရေးမှူးများနှင့် ဒုတိယညွှန်ကြားရေးမှူးများ တက်ရောက်ကြသည်။

ညှိနှိုင်းအစည်းအဝေးတွင် ဒုတိယဝန်ကြီး ဒေါက်တာမြဦးက ကမ္ဘာ့လူတုပ်ကွေးကပ်ရောဂါ ကာကွယ်ထိန်းချုပ်ရေး လုပ်ငန်းများ ဆောင်ရွက်ခဲ့မှုများနှင့် စပ်လျဉ်း၍ အဖွင့်အမှာစကားပြောကြားပြီး လက်ရှိအခြေအနေ၌ ရန်ကုန်တိုင်း၊ ဒဂုံမြို့သစ် (မြောက်ပိုင်း) မြို့နယ်၊ မင်္ဂလာဒုံမြို့နယ်နှင့် ချင်းပြည်နယ် ဖလမ်းမြို့နယ်တို့၌ ကမ္ဘာ့လူတုပ်ကွေးကပ်ရောဂါဖြစ်ပွားမှု စသည့် အခြေအနေတို့ကို သုံးသပ်၍ ရောဂါဖြစ်ပွားပျံ့နှံ့မှု ကျယ်ပြန့်လာပါက ဆောင်ရွက်သွားရမည့် နည်းလမ်းများကို ရှင်းလင်း မှာကြားသည်။

ထို့နောက် ဆွေးနွေးပွဲတက်ရောက်လာကြသူများက ရောဂါကာကွယ်နှိမ်နင်းရေး အရှိန်အဟုန်မြှင့် ဆောင်ရွက်မည့် လုပ်ငန်းစဉ်များကို ဆွေးနွေးကြပြီး ဆုံးဖြတ်ချက်များကို ချမှတ်ကြသည်။

ယင်းနောက် ဒုတိယဝန်ကြီးက နိဂုံးချုပ်အမှာစကားပြောကြားပြီး ညှိနှိုင်းအစည်းအဝေးကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။　(သတင်းစဉ်)

# ၂၀၁၀ ခုနှစ် နှစ်သစ်ကူးအထိမ်းအမှတ် ဘတ်စကက်ဘောပြိုင်ပွဲ ကျင်းပ

**ရန်ကုန်　ဖေဖော်ဝါရီ　၁၁**

မြန်မာနိုင်ငံ ဘတ်စကက်ဘောအဖွဲ့ချုပ်က ကြီးမှူးကျင်းပသော ၂၀၁၀ ခုနှစ် နှစ်သစ်ကူးအထိမ်းအမှတ် ဘတ်စကက်ဘောပြိုင်ပွဲကို ဖေဖော်ဝါရီ ၉ ရက်တွင် ရန်ကုန်မြို့ရှိ ကျိုက္ကဆံဘတ်စကက်ဘော အားကစားပြိုင်ပွဲရုံ၌ ကျင်းပရာ ရွှေသံလွင်ကုမ္ပဏီနာယက ဒေါ်နီ၊ မြန်မာနိုင်ငံ ဘတ်စကက်ဘောအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးမြင့်သိန်းနှင့် အမှုဆောင်များ၊ ဖိတ်ကြားထားသူများနှင့် ဘတ်စကက်ဘော အားကစားဝါသနာရှင်များ တက်ရောက် ကြည့်ရှုအားပေးကြသည်။

**ပေးအပ်ချီးမြှင့်**

ပြိုင်ပွဲများအပြီးတွင် ဆုချီးမြှင့်ပွဲအခမ်းအနားကို ဆက်လက်ကျင်းပရာ မြန်မာနိုင်ငံ ဘတ်စကက်ဘောအဖွဲ့ချုပ် တွဲဖက်အတွင်းရေးမှူး ဦးကျော်ကျော်ဝင်းက အမျိုးသား အသက် ၁၈ နှစ်နှင့်အောက် 3 on 3 ပြိုင်ပွဲတွင် တတိယရရှိသော M.B.A STAR အသင်းအား ဆုကြေးငွေကျပ်လေးသောင်းကို လည်းကောင်း၊ ဒုတိယရရှိသော K.K.S(A) အသင်းအား ဆုကြေးငွေကျပ်ခြောက်သောင်းကို လည်းကောင်း၊ ပထမရရှိသော BULLET အသင်းအား ဆုကြေးငွေကျပ် ရှစ်သောင်းကို လည်းကောင်း၊ မြန်မာနိုင်ငံ ဘတ်စကက်ဘောအဖွဲ့ချုပ် အမှုဆောင် ဒေါ်ခင်အုန်းမြင့်က အမျိုးသမီး အလွတ်တန်း 3 on 3 ပြိုင်ပွဲတွင် တတိယရရှိသော PRECIOUS အသင်းအား ဆုကြေးငွေကျပ် ငါးသောင်းကို လည်းကောင်း၊ ဒုတိယရရှိသော BULLET အသင်းအား ဆုကြေးငွေကျပ် ခုနစ်သောင်းကိုလည်းကောင်း၊ ပထမရရှိသော FRIENDSHIP အသင်းအား ဆုကြေးငွေကျပ် တစ်သိန်းကို လည်းကောင်း ပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် မြန်မာနိုင်ငံ ဘတ်စကက်ဘောအဖွဲ့ချုပ် ဥက္ကဋ္ဌကိုယ်စား ဒုတိယဥက္ကဋ္ဌ ဦးမြင့်သိန်းက အမျိုးသားအလွတ်တန်း 3 on 3 ပြိုင်ပွဲတွင် တတိယရရှိသော K.K.S အသင်းအား ဆုကြေးငွေကျပ်ငါးသောင်းကို လည်းကောင်း၊ ဒုတိယ ရရှိသော တွေ့မရှောင်အသင်းအား ဆုကြေးငွေကျပ်ခုနစ်သောင်းကို လည်းကောင်း၊ ပထမရရှိသော သံလွင်အသင်းအား ဆုကြေးငွေကျပ်တစ်သိန်းကို လည်းကောင်း၊ အမျိုးသား အသက် (၃၅) နှစ်အထက် 5 on 5 ပြိုင်ပွဲတွင် တတိယရရှိသော အာရုဏ်ဦး (A) အသင်းအား ဆုကြေးငွေကျပ် တစ်သိန်းကို လည်းကောင်း၊ ဒုတိယရရှိသော K.K.S အသင်းအား ဆုကြေးငွေကျပ် တစ်သိန်းငါးသောင်းကို လည်းကောင်း၊ ပထမရရှိသော ရန်ကုန်တိုင်းစစ်ဌာနချုပ်အသင်းအား ဆုကြေးငွေကျပ်နှစ်သိန်းကို လည်းကောင်း ပေးအပ်ချီးမြှင့်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

**အားကစားမြှင့်တင်**
**စိတ်လန်းရွှင်**
**ဆန့်ကျင်မူးယစ်ဆေး**

# မှတ်ပုံတင်ထားခြင်းမရှိသော တိုင်းရင်းဆေးဝါးများဖြစ်၍ အများပြည်သူ သုံးစွဲရန်မသင့်ကြောင်း ကြေညာ

ကျန်းမာရေးဝန်ကြီးဌာနသည် အရည်အသွေးစစ်မှန် ကောင်းမွန်ပြီး ဘေးဥပဒ်အန္တရာယ်ကင်းရှင်းကာ အကျိုးအာနိသင်ရှိသော တိုင်းရင်းဆေးဝါးများကို အများပြည်သူတို့ သုံးစွဲနိုင်ရန် စဉ်ဆက်မပြတ် စနစ်တကျ စစ်ဆေးလျက်ရှိသည်။

ယင်းသို့ စစ်ဆေးရာတွင် ဈေးကွက်အတွင်း ရောင်းချလျက်ရှိသော အောက်ဖော်ပြပါ တိုင်းရင်းဆေးဝါးများသည် တိုင်းရင်းဆေးဝါးမှတ်ပုံတင်ထားခြင်းမရှိသော တိုင်းရင်းဆေးဝါးများဖြစ်၍ စစ်မှန်အစွမ်းထက်မှုကို အာမခံချက် မပေးနိုင်သည့် ဆေးဝါးများဖြစ်ကြောင်း၊ အများပြည်သူသုံးစွဲရန် မသင့်လျော်ကြောင်း အသိပေးအပ်ပါသည်-

| စဉ် | ဆေးဝါးအမည် | ထုတ်လုပ်/ဖြန့်ချိဌာန |
|---|---|---|
| ၁။ | ဦးသန်းတင်၏ရင်လူး၊ ဗိုက်လိမ်းအညော်ထုတ်(ဆေးဝါးမှုန့်) | အမှတ်(၄၄)၊ ဈေးကြီးနှင့်ရှမ်းဈေး၊ ကျိုက်ထိုမြို့။ |
| ၂။ | မြန်မာဆေးခါးကြီး ဆီးချိုကျဆေး | အမှတ်(၁၀၈)၊ ဆေးရုံလမ်း၊ သထုံမြို့၊ အုန်းတောလမ်းနှင့် ဘုရားလမ်းထောင့်၊ ဘားအံမြို့။ |
| ၃။ | ရွှေကရင်၊ ရွှေဖားစည်၏အကြောအဆစ် ဒဏ်ကြေလိမ်းဆေး | ဇေယျာမွန်ရပ်ကွက်၊ (င)လမ်း၊ ကျိုက်ထိုမြို့။ |
| ၄။ | ဆရာဦးစန်းမြင့်အောင်၏ ရွှေဖားစည်တစောင်းလက်ပတ်ပျားရည် ချက်ဆေးကြီး | ဇေယျာမွန်ရပ်ကွက်၊ (င)လမ်း၊ ကျိုက်ထိုမြို့။ |
| ၅။ | ဦးဘကြူး၏ နာမည်ကျော်စက္ကူပါလ မျက်စိကွင်းဆေး | မပါ။ |
| ၆။ | သန်မြန်သူဦးသက်ဝေ၏ မူရင်းအာမခံဆေး အဆင့်မြင့် တောရိုင်းစပါးလင်ဆီ(ရှယ်) အထူးသီးသန့်အထူးထုတ်လိမ်းဆေးဆီ | ဆိုင်အမှတ်(၁)၊ ဘိုးဘိုးနီနတ်နန်းအောက်၊ ထမင်းဆိုင်တန်းလမ်းမကြီး၊ ကျိုက်ထီးရိုးဘုရားအနီး၊ ကျိုက်ထိုမြို့။ |
| ၇။ | ဂေါ်ရခါးလေး၊ ငပိလက်လေးတစ်၊ သွားကိုက်သွားနာပျောက်ဆေး | ရပ်ကွက်(၇)၊ သိမ်ဇရပ်။ |

အများပြည်သူတို့အနေဖြင့် ကျန်းမာရေးဝန်ကြီးဌာန၊ တိုင်းရင်းဆေးပညာဦးစီးဌာနတွင် မှတ်ပုံတင်ထားခြင်းမရှိသော ဆေးဝါးများကို ဝယ်ယူခြင်းမပြုကြရန်နှင့် တိုင်းရင်းဆေးပညာဦးစီးဌာနတွင် မှတ်ပုံတင်ထားသော ဆေးဝါးများကိုသာ စူးစမ်းဝယ်ယူသုံးစွဲပါရန် နှိုးဆော်ထားသည်။

ဆေးဝါးဖြန့်ဖြူးသည့် လုပ်ငန်းများ၊ ဆေးဝါးရောင်းချသည့် ဆေးဆိုင်များသည် တိုင်းရင်းဆေးပညာဦးစီးဌာနတွင် မှတ်ပုံတင်ထားခြင်းမရှိသော ဆေးဝါးများ၊ ဆေးဝါးအတု၊ စံမညီဆေးဝါးများ တင်သွင်းဖြန့်ဖြူးရောင်းချခြင်း လုံးဝမပြုလုပ်ရန်နှင့် လိုက်နာဆောင်ရွက်ခြင်းမရှိပါက သက်ဆိုင်ရာ အာဏာပိုင်အဖွဲ့အစည်းက တည်ဆဲဥပဒေအရ အရေးယူမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

**ကျန်းမာရေးဝန်ကြီးဌာန**

# တစ်နိုင်ငံလုံးတွင် သာယာမည်

ရန်ကုန်　ဖေဖော်ဝါရီ　၁၁

**ယနေ့နံနက် ၉ နာရီခွဲထိ**
**မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်**

လွန်ခဲ့သော၂၄နာရီအတွင်းက ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ စစ်ကိုင်းတိုင်းအထက်ပိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့ပြီး ကျန်ဒေသများတွင် အများအားဖြင့် သာယာခဲ့သည်။ ညအပူချိန်များမှာ ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ပဲခူးတိုင်းတို့တွင် ဖေဖော်ဝါရီလ၏ ပျမ်းမျှအပူချိန်အောက် ၃ ဒီဂရီစင်တီဂရိတ်မှ ၄ ဒီဂရီစင်တီဂရိတ်ထိလျော့နည်းခဲ့ပြီး မွန်ပြည်နယ်နှင့် တနင်္သာရီတိုင်းတို့တွင် ဖေဖော်ဝါရီလ၏ ပျမ်းမျှအပူချိန်ထက် ၅ ဒီဂရီစင်တီဂရိတ်ပိုခဲ့ကာ ကျန်ပြည်နယ်နှင့်တိုင်းတို့တွင် ဖေဖော်ဝါရီလ၏ ပျမ်းမျှအပူချိန်ခန့်သာရှိခဲ့သည်။ **ထူးခြားသည့် ညအပူချိန်များမှာ** နမ့်စန်မြို့တွင် သုည ဒီဂရီစင်တီဂရိတ်၊ ပင်လောင်းမြို့၊ ဟားခါးမြို့နှင့် အမ်းမြို့တို့တွင် ၂ ဒီဂရီစင်တီဂရိတ်စီ၊ လားရှိုးမြို့နှင့် ဟဲဟိုးမြို့တို့တွင် ၄ ဒီဂရီစင်တီဂရိတ်စီတို့ဖြစ်ကြသည်။

**ဘင်္ဂလားပင်လယ်အော်အခြေအနေ။** ။ ဘင်္ဂလားပင်လယ်အော် အနောက်တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် အများအားဖြင့် သာယာနေသည်။

**ဖေဖော်ဝါရီ ၁၂ ရက် ညနေထိ ခန့်မှန်းချက်။** ။ ကချင်ပြည်နယ်နှင့် တနင်္သာရီတိုင်းတို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းပြီး ကျန်ပြည်နယ်နှင့်တိုင်းတို့တွင် အများအားဖြင့် သာယာမည်။

**မြန်မာ့ပင်လယ်ပြင်တွင်။** ။ လှိုင်းအသင့်အတင့်ရှိမည်။

**နောက်နှစ်ရက်အတွက်ခန့်မှန်းချက်။** ။တစ်ပြည်လုံးတွင် သာယာမည်။

**နေပြည်တော်**နှင့် အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့် သာယာမည်။

**ရန်ကုန်မြို့**နှင့် အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့် သာယာမည်။

**မန္တလေးမြို့**နှင့် အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့် သာယာမည်။



အာဖဂန်နစ္စတန်နိုင်ငံ မြောက်ပိုင်း ဆာလန့်ပတ်စ်ဒေသတွင် ဆီးနှင်းထုပြိုကျမှုများ ဖြစ်ပွားပြီးနောက် ပျက်စီးနစ်မြုပ်နေသော ခရီးသည်တင် မော်တော်ယာဉ်တစ်စီးကို ဖေဖော်ဝါရီ ၁၀ ရက်က တွေ့ရစဉ်။　*(ဓာတ်ပုံ-အင်တာနက်)*

# အာဖဂန်၌ ဆီးနှင်းထုပြိုကျမှုကြောင့် သေဆုံးရသူ ၁၇၁ ဦးအထိ တိုးလာ

**ကဘူး　ဖေဖော်ဝါရီ　၁၁**

အာဖဂန်နစ္စတန်နိုင်ငံ မြို့တော်ကဘူး မြောက်ဘက် ကီလိုမီတာ ၉၀ အကွာရှိ ဆာလန့်ပတ်စ်ဒေသတွင် ဆီးနှင်းထုပြိုကျခြင်းကြောင့် အမျိုးသမီးနှင့် ကလေးများအပါအဝင် သေဆုံးသူ ၁၇၁ ဦးထိ တိုးလာကြောင်း ကျန်းမာရေး ဝန်ကြီးဌာနက ဗုဒ္ဓဟူးနေ့တွင် ပြောကြားသည်။

ဆာလန့်ပတ်စ်ဒေသတွင် ဆီးနှင်းထု ၂၄ ကြိမ်ထက်မနည်း ပြိုကျမှုကြောင့် လွန်ခဲ့သော နှစ်ရက်အတွင်း အမျိုးသမီး ကိုးဦးနှင့် ကလေးငါးဦး အပါအဝင် လူပေါင်း ၁၇၁ ဦးသေဆုံးကြောင်း ကျန်းမာရေးဝန်ကြီး ဌာနက ပြောကြားသည်။

ဆီးနှင်းထုပြိုကျမှုကြောင့် ၁၃၅ ဦး ဒဏ်ရာရရှိခဲ့ပြီး ၎င်းအနက် ၆၆ ဦးမှာ စိုးရိမ်ရသောအခြေအနေတွင် ရှိကြောင်း ပြောကြားသည်။ ဆာလန့်ဒေသ တောင်ပိုင်းမှမြောက်ပိုင်းထိ လမ်းများဖွင့်ခဲ့သော်လည်း ဆီးနှင်းများ ထူထပ်စွာ ကျဆင်းခြင်းကြောင့် ပိတ်မိနေသော ဒုက္ခသည်များ ရှိရာသို့သွားရောက်ကယ်ဆယ်ရန်အခက်အခဲ ကြုံတွေ့နေဆဲဖြစ်သည်ဟုဆိုသည်။

ဆာလန့်တောင်ကြားလမ်းသည် အာဖဂန်နစ္စတန်နိုင်ငံမြောက်ပိုင်း ပြည်နယ်များကို ကဘူးမြို့နှင့် ဆက်သွယ်ထားသည့် တစ်ခုတည်းသော အဝေးပြေးလမ်းဖြစ်သည်။

***အမ်အင်အေ၊ဆင်ဟွာ။***

# ပါကစ္စတန်အနောက်မြောက်ပိုင်း လူမျိုးစုဒေသ၌ အသေခံဗုံးခွဲ တိုက်ခိုက်၊ ၁၇ဦး သေဆုံး

**အစ္စလာမ္မာဘတ်　ဖေဖော်ဝါရီ　၁၁**

ပါကစ္စတန်နိုင်ငံ အနောက်မြောက်ပိုင်း လူမျိုးစုဒေသတွင် ဖေဖော်ဝါရီ ၁၀ရက်က စစ်ဘက်ယာဉ်တန်းအား အသေခံဗုံးတိုက်ခိုက်မှုဖြစ်ပွားရာ လုံခြုံရေးတပ်ဖွဲ့ဝင် ၁၃ ဦး အပါအဝင် ၁၇ ဦးထက်မနည်း သေဆုံးခဲ့ပြီး ရှစ်ဦး ဒဏ်ရာရရှိကြောင်း တာဝန်ရှိသူများက ပြောကြားသည်။

ခိုင်ဘာလူမျိုးစုဒေသတွင် ကင်းလှည့်နေသော လုံခြုံရေးတပ်ဖွဲ့၏ ယာဉ်အနီး အသေခံဗုံးဖောက်ခွဲသူက ခြေကျင် ချဉ်းကပ်လာခဲ့ခြင်းဖြစ်သည်။

**ပုန်းအောင်း**

အနောက်မြောက်ပိုင်း နယ်စပ်ပြည်နယ် မြို့တော် ပက်ရှ်ဝါမြို့အနီး ဂျမ်ရုဒ် ဒေသရှိ လမ်းဘေးဈေး၌ ဖောက်ခွဲရေးသမား ပုန်းအောင်းနေပြီး ယင်းဒေသအတွင်း ဖြတ်မောင်းလာသော ယာဉ်ဆီသို့ ပြေးသွားကာ ဗုံးခွဲခဲ့ခြင်းဖြစ်ကြောင်း ဒေသခံများက ပြောကြားသည်။

**တိုက်ခိုက်**

အာဖဂန်နစ္စတန်နိုင်ငံရှိ နေတိုးတပ်ဖွဲ့များအတွက် ထောက်ပံ့ရေးပစ္စည်းများ သယ်ဆောင်လာသော ရေနံတင်ယာဉ်များနှင့် ကုန်တင်ယာဉ်များကို ခိုင်ဘာဒေသရှိ စစ်သွေးကြွများက မကြာခဏ တိုက်ခိုက်လျက်ရှိသည်။

***အမ်အင်အေ၊ဆင်ဟွာ။***



## နိုင်ငံတကာ သတင်းများ

# အီရတ်နိုင်ငံတွင် အကြမ်းဖက်တိုက်ခိုက်မှုများကြောင့် လေးဦး သေဆုံးပြီး ၁၁ ဦး ဒဏ်ရာရရှိ

**ဘဂ္ဂဒက်　ဖေဖော်ဝါရီ　၁၁**

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့အနီးနှင့် ဒီယာလာပြည်နယ်တို့တွင် ဖေဖော်ဝါရီ ၁၀ ရက်က တိုက်ခိုက်မှုများကြောင့် လေးဦး သေဆုံးပြီး ၁၁ ဦး ဒဏ်ရာရရှိကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

ဘဂ္ဂဒက်မြို့ အနောက်ပိုင်း အဘူဂါရိပ်မြို့တွင် ရဲတပ်ဖွဲ့ဝင်များ ကင်းလှည့်စဉ် လမ်းဘေးဗုံး ပေါက်ကွဲမှုကြောင့် ရဲတပ်ဖွဲ့ဝင်နှစ်ဦး သေဆုံးပြီး လေးဦး ဒဏ်ရာရရှိသည်ဟု ဆိုသည်။

ယင်းပေါက်ကွဲမှုကြောင့် ရဲကားတစ်စီးနှင့် အခြားကားတစ်စီးတို့မှာလည်း ပျက်စီးခဲ့သည်။

ဘဂ္ဂဒက်မြို့ အရှေ့မြောက်ဘက် ၆၅ ကီလိုမီတာခန့်အကွာရှိ ဒီယာလာပြည်နယ် မြို့တော် ဘာကွေဘာအနီး ကျေးရွာတစ်ရွာရှိ အိမ်တစ်လုံးကို စစ်သွေးကြွများက ပစ်ခတ်ခဲ့ရာ နှစ်ဦး သေဆုံးပြီး တစ်ဦး ဒဏ်ရာရရှိခဲ့ကြောင်း ပြည်နယ်ရဲတပ်ဖွဲ့က ပြောကြားသည်။

အလားတူ ဘာကွေဘာမြို့အရှေ့ဘက် ကီလိုမီတာ ၃၀ခန့်အကွာရှိ ဘာလက်ရိုဇ်မြို့၌ ကားတစ်စီးအနီး ဗုံးပေါက်ကွဲခြင်း ကြောင့် လေးဦး ဒဏ်ရာရရှိခဲ့သည်ဟု ဆိုသည်။

ဘာကွေဘာမြို့ မြောက်ဘက် ကီလိုမီတာ ၇၀ ခန့်အကွာရှိ ကျေးရွာအနီး လမ်းဘေးဗုံးပေါက်ကွဲမှုကြောင့် အမျိုးသားတစ်ဦးနှင့် ကလေးတစ်ဦးတို့ ဒဏ်ရာရရှိခဲ့သည်။

***အမ်အင်အေ၊ဆင်ဟွာ။***

(12-2)11.pmd　1　2/12/2010, 2:07 AM

❑ တည်ငြိမ်အေးချမ်းမှ တိုင်းပြည် ဖွံ့ဖြိုးတိုးတက်မည်။
❑ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

❑ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။
❑ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။
❑ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီရနိုင်သည်။

## ပြည်သူ့ဆန္ဒသဘောထား

☆ တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။
☆ ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။
☆ ဆူပူအကြမ်းဖက်မှုကို မလိုလား။
☆ ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ - ဝိုင်းဝန်းဖယ်ရှား။

☆ VOA, BBC - ရန်တိုက်ပေးနေသည်။
☆ RFA, DVB - သွေးထိုးနေသည်။
☆ ခလောက်ဆန် အကောက်ကြံ
လေလှိုင်းသံ လူသတ်သမား -
နားမယောင်လေနဲ့ သတိထား။





## စက်ခလုတ်နှိပ် ဖွင့်လှစ်ပေး

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီး သီဟသူရ တင်အောင်မြင့်ဦး အမျိုးသားအထိမ်းအမှတ်ဥယျာဉ် (နေပြည်တော်)ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးစဉ်။

(သတင်းစဉ်)

## ပြည်သူတို့၏ လူမှုစီးပွားဘဝမြင့်မားရေး အခြေခံအဆောက်အအုံများ တည်ဆောက်ပေး မြန်မာနိုင်ငံ၏ဗဟိုဒေသ၌ မြို့တော်ဖြစ်သည့် နေပြည်တော်ကို တည်ဆောက်ပေးခဲ့ နေပြည်တော်သည် တိုင်းရင်းသားအားလုံး တွေ့ဆုံရာဒေသဖြစ်သည်နှင့်အညီ အမျိုးသားအထိမ်းအမှတ်ဥယျာဉ်(နေပြည်တော်)ကို တည်ဆောက်ရခြင်းဖြစ်

**နေပြည်တော် ဖေဖော်ဝါရီ ၁၁**

(၆၃)နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် အမျိုးသားအထိမ်းအမှတ်ဥယျာဉ်(နေပြည်တော်) ဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက် ၈ နာရီတွင် နေပြည်တော်ခရိုင် ဇေယျာသီရိမြို့နယ် သိုက်ချောင်းကျေးရွာအနီးရှိ အမျိုးသားအထိမ်းအမှတ်ဥယျာဉ်(နေပြည်တော်) မုခ်ဦးရှေ့၌ ကျင်းပရာ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦး တက်ရောက်၍ အမှာစကားပြောကြားသည်။

**စာမျက်နှာ ၄ ကော်လံ ၁ သို့ ☆**

## (၆၃)နှစ်မြောက် ပြည်ထောင်စုနေ့ ဂုဏ်ပြု


❖ လှိုင်အောင် ၏ "ရေကိုသား၍ အကြားမထင်သော ချစ်ခင်စည်းလုံးညီညွတ်မှုဖြင့်သာ" (ဆောင်းပါး) စာမျက်နှာ - ၈၊ ၉

❖ လှိုင်ဘွား(ပါရမီ) ၏ "အားမာန်နိုးကြွ လုပသစ်ဆန်း ရွှေရောင်လွှမ်းသည့် နေပြည်တော်တစ်ဝန်း ဖွံ့ဖြိုးတိုးတက်မှုများ" (သတင်းဆောင်းပါး) စာမျက်နှာ - ၆၊ ၇၊ ၁၀

❖ ဟသ်ာတမြင့်ငွေ ၏ "အိမ်" (ကဗျာ) စာမျက်နှာ - ၉

❖ ကျော်သူဟိန်း ၏ "လူဆိုရင်" (ကာတွန်း) စာမျက်နှာ - ၉